ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၇ရက်၊ သောကြာနေ့၊ (17-10-2003) (၄၀၂၆)

သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ။ ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပထမဆုံး လူသားလိုက်ပါသည့် အာကာသယာဉ်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်သည့် အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပထမဆုံး လူသားလိုက်ပါသည့် အာကာသယာဉ်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်သည့် အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ကျန်းချင်းဟုန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် ကမ္ဘာ့လူသားအားလုံး စားနပ်ရိက္ခာပြည့်စုံဖူလုံရေး နိုင်ငံတကာနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်မည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုသည် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်ကြိုးပမ်းလျက်ရှိ ယခုနှစ်တွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာမည်ဟု တွက်ဆ၍ရနိုင် သားငါးကဏ္ဍသည်လည်း နိုင်ငံတော်၏အားပေးကူညီမှုနှင့် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်နေ

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၀၃ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၀၃ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆုရမြို့နယ်များမှ ကိုယ်စားလှယ်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၃ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

မိန့်ခွန်းပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့လူသားများအားလုံးအတွက် ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကင်းဝေးရေး၊ စားနပ်ရိက္ခာ ပြည့်စုံဖူလုံရေးတို့သည် အခြေခံအကျဆုံး လူ့အခွင့်အရေးများပင် ဖြစ်ကြောင်း၊ ဤအခြေခံအကျဆုံး လူ့အခွင့်အရေးများကို ကမ္ဘာ့လူသားများအားလုံး ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြစေရေးအတွက် ကမ္ဘာ့နိုင်ငံများအားလုံးက ဖြူစင်သော စေတနာဖြင့် တက်ညီလက်ညီ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ကိုလည်း ယနေ့ ကမ္ဘာတစ်ဝန်းလုံး၌ တစ်ပြိုင်တည်းကျင်းပနေကြသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများတွင် ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်ဖော်ပြသနေကြပြီဖြစ်ကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၁၀-၂၀၀၃
(သောကြာနေ့)

အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး ပါဝင်ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ ထိုဒေသ၏ တည်ငြိမ်မှု၊ အေးချမ်းမှု၊ သာယာမှုများဖြင့် ဆက်နွယ်လျက်ရှိသည်။ နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောက်ချလုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးလုပ်ငန်းအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေမည့် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရန် အမျိုးသားစီမံကိန်း အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး အခြေခံများဖြစ်ထွန်းစေရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့ကို ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်များပင်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်အပေါ်အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်၍ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်သည် နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို ညွှန်ပြထားသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့်အနာဂတ်၏ ခရီးလမ်းကြောင်းကို အမျိုးသားရေးအမြင်ဖြင့် လမ်းညွှန်မှုပြုထားသည်။

ထို့ကြောင့်ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို လှိုက်လှိုက်လှဲလှဲ တစ်ခဲနက်ကြိုဆိုထောက်ခံလျက်ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးကို အောက်တိုဘာလ ၁၄ရက်နေ့က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ခေတ္တရာမြို့သစ် မင်္ဂလာရွှေပြည် အားကစားကွင်း၌ တစ်ခဲနက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ လူထုအစည်းအဝေးတွင် သဘာပတိ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဦးမြဝင်းက **တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပေါင်းစည်းစုစည်း၊လက်တွဲချီ၊ တွဲလက်ညီညီ ရှေ့သို့ချီပြီး မဆုတ်မနစ်သော ဇွဲလုံ့လများနှင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက် သွားကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေးကို အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝ၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့** ဟူ၍ တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံတော်၏ ပကတိဖြစ်ပေါ်နေသော အခြေအနေ၊ သမိုင်းကြောင်းပြောင်းလဲမှုအခြေအနေများအပေါ် အခြေခံထားသည်။ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းအစဉ်အလာများ၊ နိုင်ငံတော်၏ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများအပေါ် အခြေခံထားသော မူဝါဒလုပ်ငန်းစဉ်များပင်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ လက်ရှိအခြေအနေအချိန်အခါနှင့် ကိုက်ညီလျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်စေရေးအတွက် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းပါဝင်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်တင်ခ၏ မြန်မာစာမြန်မာမှုကို ပြုစုပျိုးထောင်ခေါင်းဆောင်ခဲ့သူများ စာအုပ်ထုတ်ဝေ



ရန်ကုန် အောက်တိုဘာ ၁၆

အမျိုး၏ဂုဏ်၊ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်တင်မည်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်သည် စာကောင်းပေမွန်များကို စာဖတ်သူတို့ လက်ဝယ်သို့အရောက် ပေးပို့တင်ဆက်လျက်ရှိရာ အမျိုးသားစာပေဆုရ စာရေးဆရာ တက္ကသိုလ်တင်ခ၏ ဆောင်းပါး၂၄ပုဒ်ပါဝင်သော "မြန်မာစာ မြန်မာမှုကို ပြုစုပျိုးထောင်ခေါင်းဆောင်ခဲ့သူများ" စာအုပ်ကိုနိုင်ငံ့ဂုဏ်ရည်စာစဉ်(၁၄)အဖြစ် ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ယာပုံ)**

အဆိုပါစာအုပ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဦးမောင်ကြီး၊ ဦးပဂိုဒိ၊ သခင်ဘသောင်း၊ မောင်သုတ၊ ဦးဖိုးကျား၊ ဆရာဇေယျ၊ ဦးရွှေဇံအောင်၊ ဦးဖေမောင်တင်၊ ဦးရွှေကြူ၊ ဦးမောင်မောင်တင်(၁)၊ ပုဂံဝန်ထောက်မင်း ဦးတင်၊ ဦးထွန်းဖေ၊ ရွှေပြည်ဦးဘတင်၊ ပါမောက္ခဦးမောင်မောင်ကြီး၊ ဒေါင်းဖတ်စာဆရာလင်း၊ပါမောက္ခ ဦးဖေမောင်၊ ဒီးဒုတ်ဦးဘချို၊ ပီမိုးနင်း၊ သတင်းစာဆရာဦးသိမ်းမောင်၊ဆရာဇော်ဂျီ၊ မြန်မာစာပါမောက္ခဒေါ်သန်းဆွေ၊ ကထိက ဦးကျော်ရင်၊ မြန်စာဂုဏ်ကျော်မြင့်တို့၏ မြန်မာစာ မြန်မာမှုကို ပြုစုပျိုးထောင် ခေါင်းဆောင်ခဲ့ပုံများကို စိတ်ဝင်စားအားကျဖွယ်၊ ဂုဏ်ယူမြတ်နိုးဖွယ်၊ လေးစားကြည်ညိုဖွယ် ဖတ်ရှုရမည်ဖြစ်သည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း-၂၇၆၅၃၂၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်၊ မန္တလေးစာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ကျပ် ၆၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် အောက်တိုဘာ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးငွေအောင်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပင်ကိုအသိ

* နိုင်ငံရေးသဘောထား
လားလားမျှမသိပါ။
ကိုယ့်နိုင်ငံကိုယ်သာချစ်
နှစ်နှစ်ကာကာ။
ကိုယ့်လူမျိုးကိုယ်တွယ်တာ
ထိပါးလာမခံဘူး။
သေမှာကိုဘယ်မကြောက်
နောက်နေ့မကူး။

* စီးပွားရေးသဘောထား
လားလားမျှမသိပါ။
ငတ်နိုင်ဖွယ်မရှိကြောင်း
ကောင်းကောင်းသိတာ။
ဆန်စပါးပေါကြွယ်စွာ
သားငါးသီးနှံအလွန်ပေါ။
ဖိအားတွေဘယ်လိုပြု
မမှုပြီကော။

* လူမှုရေးသဘောထား
လားလားမျှမသိပါ။
ဗြဟ္မစိုရ်တရားလေးပါး
ပွားများလျက်သာ။
လူလူချင်းသနားညှာတာ
ကိုယ်ချင်းစာအမြဲရှိ။
စေတနာမကွေ့ကောက်
ထိရောက်ပါဘိ။ ။

မောင်ရိုးရှင်း(ရွှေပြည်သာ)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၆

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)က တတိယအကြိမ်မြောက် ကထိန်လျာသင်္ကန်း ကပ်လှူပွဲကို ကမ္ဘာအေးကုန်းမြေ ကမ္ဘာအေးဘုရားဂေါပကရုံးအပေါ်ထပ်ခန်းမ၌ အောက်တိုဘာ ၁၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

သင်္ကန်း၊ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဝါးခယ်မမြို့နယ်အသင်းတိုက် အမှတ်(၁၂) စဉ့်အိုးတန်းလမ်း လသာမြို့နယ် ဖုန်း-၂၂၆၅၉၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်စက်မှုတက္ကသိုလ် ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၂ ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ ကျောင်းသားကျောင်းသူများ၏ ၂၅နှစ်မြောက် ငွေရတုအထိမ်းအမှတ် ဘာသာရပ်ပေါင်းစုံ အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ စတုတ္ထပတ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန်ရှိကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးလှမြင့်-ဖုန်း-၀၉-၅၀-၀၁၁၂၃၊ ဦးမြတ်ငြိမ်း- ၀၉-၈၀-၃၁၀၄၉၊ ဦးဝင်းငွေ-၀၉-၈၀-၃၀၃၂၆၊ ဦးအောင်လှချစ် - ၀၉-၅၀-၀၅၀၅၈၊ ဦးကျော်ဝင်း - ၂၂၈၄၂၈၊ ဒေါ်ဝေဝေမြင့်-၂၈၁၂၁၀၊ ဒေါ်ခင်အုန်းမြင့်-၅၂၇၇၂၅၊ ဒေါ်ကြည်ငွေ ၅၃၈၈၆၀ တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျင်းပမည့်နေ့ရက် အချိန်နေရာတို့ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်ဇယား

	နေရာ	(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ပန်တျာကျောင်း)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အက/ဇာတ်သဘင်	အရေး	အတီး	အတီး
၄။	၁၇-၁၀-၂၀၀၃ (သောကြာနေ့)	ဓမ္မပူဇာတေး(နံနက်) (၁) ဝါသနာရှင်(ကျား) ခေတ်ဟောင်း/ကာလပေါ် (နေ့လယ်) (၂) အခြေခံ(၅-၁၀)(မ)	အမျိုးသားအက(နံနက်) (၁) ပညာရှင် အမျိုးသမီးအက(နေ့လယ်) (၂) အဆင့်မြင့် ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီး(ညပိုင်း) စစ်ကိုင်းတိုင်း ပန်တျာ မြကြည် ဇာတ်အဖွဲ့	အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း (၁) အခြေခံ(၅-၁၀) (၂) အဆင့်မြင့်	ပတ္တလား (၁) ဝါသနာရှင်(ကျား) (နံနက်) (၂) အခြေခံ(၁၅-၂၀) (မ) (နေ့လယ်)	စောင်း (၁)ပညာရှင်(ကျား-မ) (နံနက်) (၂) အခြေခံ(၁၅-၂၀)(မ) (နေ့လယ်) (၃) အခြေခံ(၁၀-၁၅) (ကျား) (နေ့လယ်)

အမေရိကန်ရေးဆွဲသည့် အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ထူးခြားသည့် ပြောင်းလဲမှုများ မရှိဟု ကိုဖီအာနန်ဝေဖန်

ကုလသမဂ္ဂ အောက်တိုဘာ ၁၅

ပြင်သစ်၊ ရုရှားနှင့် ဂျာမနီနိုင်ငံတို့က အီရတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန်အတွက် ပြင်ဆင်ချက်များ တင်သွင်းထားစဉ် အမေရိကန်ပြည်ထောင်စုက မူကြမ်းရေးဆွဲသည့် အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်သစ်တွင် ထူးခြားသည့်ပြောင်းလဲမှုများ ဖော်ပြထားခြင်း မရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

အသင့်ပြင်ထား

အမေရိကန် ပြည်ထောင်စုက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ သံတမန်များအား ယင်းမူကြမ်းနှင့် ပတ်သက်၍ မဲထည့်ရန် အသင့်ပြင်ထားကြရန် ပြောကြားကြောင်းဖြင့် ကိုဖီအာနန်က သတင်းထောက်များအား ပြောကြားသည်။ ယင်းဆုံးဖြတ်ချက်တွင် နိုင်ငံစုံတပ်ဖွဲ့ထားရှိရန်နှင့် အီရတ် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အီရတ် အုပ်ချုပ်ရေးကောင်စီက ဒီဇင်ဘာ ၁၅ ရက်တွင် အချိန်ဇယား သတ်မှတ်ပေးရန်ကိစ္စများပါဝင်သည်။

ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့၏ ပြင်ဆင်ချက်များတွင် အီရတ်အုပ်ချုပ်ရေးကောင်စီ၊ ကုလသမဂ္ဂနှင့်တကွ အမေရိကန် ဦးဆောင်သိမ်းပိုက်ရေးတပ်သားများက အီရတ်နိုင်ငံသားများ နိုင်ငံရေးအာဏာရရှိနိုင်မည့် သတ်သတ်မှတ်မှတ်ဇယားကို ဖော်ဆောင်ရန် လိုလားလျက်ရှိကြောင်းဖြင့် ဖော်ပြထားသည်။

တရုတ်ပြည်က ယင်းတို့၏ပြင်ဆင်ချက်များကို ထောက်ခံကြောင်းသံတမန်များက ပြောကြားသည်။

သို့ရာတွင် ဖော်ပြပါလေးနိုင်ငံက ကနဦးအဆိုပြုထားသည့်အတိုင်း မည်သည့်ရွေးကောက်ပွဲမှ မကျင်းပရသေးမီအထိ ကြားဖြတ် အီရတ်အစိုးရကဒါးလအတွင်း တာဝန်ယူရက် သတ်သတ်မှတ်မှတ် ဖော်ပြထားခြင်းမရှိသလို ကုလသမဂ္ဂ၏ အဓိကအခန်းကဏ္ဍကိုလည်း အပ်နှင်းထားခြင်း မရှိပေ။

အသိအမှတ်ပြု

အီရတ်နိုင်ငံအား သိမ်းပိုက်ထားသမျှကာလပတ်လုံး တွန်းလှန်တိုက်ခိုက်မှုများ ဆက်လက်တိုးမြှင့် ပေါ်ပေါက်နေမည် ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။ ကုလသမဂ္ဂဝန်ထမ်းများအား အီရတ်နိုင်ငံသို့ အမြန် ပြန်လွှတ်ရန် အစီအစဉ် မရှိသေးကြောင်း ၎င်းက ပြတ်ပြတ်သားသား ပြောကြားခဲ့ပြီး ယင်းကိစ္စကို မူကြမ်းတွင် အသိအမှတ်ပြုထားပြီးကြောင်း ဆက်လက်ပြောကြားသည်။

ပြောကြား

လက်ရှိ ဆုံးဖြတ်ချက်သစ်က အမေရိကန်အပေါင်းပါ တပ်များ၏ သဘောထား ပြောင်းလဲရေးကိစ္စနှင့် ပတ်သက်၍ ကိုယ်စားပြုဖော်ပြထားခြင်းမရှိကြောင်း၊ သို့ရာတွင် အချို့သော မိမိအကြံပေးချက်များကို လက်ခံထည့်သွင်းဖော်ပြထားကြောင်း အာနန်ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေးကောင်စီကို ပြန်လည်အားသစ်လောင်း အီရတ် ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်

လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီး ဂျင်းမာချိုရှက်

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်တွဲပြီးစစ်မှန်သည့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးစနစ် ထူထောင်မှုအား ထောက်ခံရန် နိုင်ငံအားလုံးအတွက် အလွန်ရေးပါကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုနှင့် စုပေါင်းလှုပ်ရှားမှုတို့သည် မျက်မှောက်ခေတ် ပကတိ ဖြစ်ရပ်များနှင့် လိုက်လျောညီထွေ ရှိရမည်ဖြစ်ကြောင်း။

ဖြည့်ဆည်းပေး

ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းစဉ်နှင့်ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မကြာသေးမီက တင်ပြခဲ့သောအစီရင်ခံစာများသည် နိုင်ငံတကာ စုပေါင်းလှုပ်ရှားမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးစနစ် တိုးတက်ဖြစ်ပေါ်မှုအတွက် မူဘောင်ကို ဖြည့်ဆည်းပေးခဲ့ကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ဖွဲ့စည်းပုံနည်းစနစ်၊ အထူးသဖြင့် ဘတ်ဂျက်နှင့်ဘဏ္ဍာရေးနယ်ပယ်များတွင် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီတို့သည်လည်း ပြန်လည်အားသစ်လောင်းရန် လိုအပ်ကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် အီရတ်ပြည်သူများ၏ အခွင့်အရေးပြန်လည်ရရှိရေးတို့အတွက် အတူတကွ လက်တွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင်အီရတ်ပြည်သူများသို့ အာဏာနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးကို အမြန်ဆုံး ဆောင်ရွက်သင့်ကြောင်းပြောကြားသည်။

အင်တာနက်။

စိန့်ဗင်းဆင့်နှင့် ဂရီနေဒါ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး လူစီစထရိတ်ကာ

ကုလသမဂ္ဂအထွေထွေညီလာခံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ တစ်ခုတည်းသော စစ်မှန်သည့်ဒီမိုကရေစီအဖွဲ့ခွဲတစ်ခုဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဗဟိုစင်မြင့်နေရာကိုပြန်ယူရန်လိုအပ်ကြောင်း။ မိမိတို့နိုင်ငံက ပြုပြင်ပြောင်းလဲရေးအတွက် ဆက်လက်ဆွေးနွေးရာတွင် အပြည့်အဝပါဝင်ရန် ရည်ရွယ်ကြောင်းနှင့် တိုးတက်မှုရရှိမည်ဟု မျှော်လင့်ကြောင်း။

ကမ္ဘာ့နိုင်ငံများက ဆင်းရဲမွဲတေမှု၊ ရောဂါဘယထူပြောမှုနှင့် စိတ်ပျက်လက်မှိုင်ချရမှု ပြဿနာများကိုကိုင်တွယ်မည့် အမြင်နှင့် သတ္တိမရှိမချင်း၊ ကမ္ဘာပေါ်ရှိ မည်သည့်လက်နက်အားလုံးကမျှ အကြမ်းဖက်မှု ပျံ့နှံ့ခြင်းကို တားဆီးပေးနိုင်မည် မဟုတ်ကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကို အာရပ်အကြောင်းဆွေးနွေးရာနေရာအဖြစ် အသုံးချခြင်းထက်ပိုပြီး၊ အကြမ်းဖက်မှုအကြောင်းအရင်းများကို တာဝန်ရှိပုဂ္ဂိုလ်များက ကိုင်တွယ် ဖြေရှင်းရန် စုရုံးရောက်ရှိလာသည့် အဖွဲ့ကြီးအဖြစ်သို့ မြှင့်တင်ရန်လိုအပ်ကြောင်း ၎င်းက ပြောဆိုသည်။

အင်တာနက်။

ထောင်စုနှစ် ဖွံ့ဖြိုးရေး အကောင်အထည်ဖော် လုံခြုံရေးကောင်စီတွင် ဒီမိုကရေစီပိုမိုပြင်ရန် လိုအပ်

တန်ဇန်းနီးယားနိုင်ငံခြားရေးဝန်ကြီး ဂျာကာယာအမ်ကစ်ဝက်

မိမိတို့နိုင်ငံက အကြမ်းဖက်မှုကို ပြစ်တင်ရှုတ်ချကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စာချုပ်စာတမ်းအားလုံးကိုလည်း အတည်ပြုကြောင်း။

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ သမိုင်းဝင် ထောင်စုနှစ်ထိပ်သီးအစည်းအဝေးက ချမှတ်သည့် ရည်မှန်းချက်များ အောင်မြင်အောင် ဖော်ဆောင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် ကြီးမားသောနိုင်ငံ လိုလားချက်ရှိရန် လိုအပ်ကြောင်း။

လုံခြုံရေးကောင်စီပြုပြင်ရေးမှာ ကုလသမဂ္ဂအဖွဲ့ကြီး ပိုမို၍ကိုယ်စားပြုနိုင်ရေး၊ ပိုမို၍ ဒီမိုကရေစီပိုပြင်ရေး၊ ပိုမို၍ အမြင်ကြည်လင်လာစေရေးတို့အတွက် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။ **အင်တာနက်။**

(၅၈)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် အမြဲတမ်းကိုယ်စားလှယ်များ၏ မိန့်ခွန်းကောက်နုတ်ချက်များ

သုံးစွဲခြင်းခံနေရ

အဖိုးတန်သောစွမ်းအင်များနှင့် သယံဇာတ အရင်းအမြစ်များသည်လူသားအချင်းချင်း တိုက်ခိုက်ရာတွင် သုံးစွဲခြင်းခံနေရ။

ဆွာဇီလန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် ကလစ်ဖို့ဒ်အက်စ်မမ်ဘာ။

ဆွာဇီလန်နိုင်ငံဆိုင်ရာကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ကလစ်ဖို့ဒ်အက်စ်မမ်ဘာ

ကုလသမဂ္ဂသည် စစ်အေးလွန်ကာလတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂသည် အဓိကအရေးကြီးသော လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များအတွက် ကမ္ဘာ့နိုင်ငံများအချင်းချင်း ဆွေးနွေး၊ ညှိနှိုင်းမှုများနှင့် စုပေါင်း၍ဆုံးဖြတ်ချက်ချမှတ်ရာ အဖွဲ့ကြီးအဖြစ် ကျွန်ုပ်တို့အားလုံး သိရှိထားပြီးဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင်ဖြစ်ပွားနေသော ပဋိပက္ခပြဿနာနှင့် ပတ်သက်၍ ပြောကြားရာတွင် အဖိုးတန်သောစွမ်းအင်များနှင့် သယံဇာတအရင်းအမြစ်များသည် လူသားအချင်းချင်း တိုက်ခိုက်ရာတွင် သုံးစွဲခြင်းခံနေရကြောင်း၊ ထို့ကြောင့် ပဋိပက္ခများကို စောစီးစွာတုံ့ပြန်ဖြေရှင်းရန် နည်းလမ်းရှာရုံသာမက ပဋိပက္ခပြဿနာများဖြစ်ရခြင်း၏ အခြေခံအကြောင်းအရင်းကို ဖြေရှင်းရေးအတွက် နည်းလမ်းရှာရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် နိုင်ငံတကာတွင် တာဝန်ရှိကြောင်း ပြောကြားသည်။

အင်တာနက်။

အီရတ်ပြည်သူလူထု အတိဒုက္ခရောက်နေရခြင်းအပေါ် ကမ္ဘာ့နိုင်ငံများက အလွန်အမင်း စိုးရိမ်မကင်းဖြစ်နေ



နှီးနှောတိုင်ပင်

အမေရိကန်ပြည်သူလူထုအများစုသည် ပြည်တွင်းရေးနှင့် နိုင်ငံတကာရေးရာပြဿနာများတွင် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ ကိုင်တွယ်ဆောင်ရွက်မှုစွမ်းရည်ကို အပြစ်တင်ခဲ့ကြသည်ဟု မကြာသေးမီကပြုလုပ်သည့် လူထုသဘောဆန္ဒစစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်အပေါ် ပြည်သူလူထု၏ ထောက်ခံမှုရာခိုင်နှုန်းမှာ ပြီးခဲ့သည့် ခြောက်လအတွင်း မှန်မှန်ကြီးကျဆင်းလာခဲ့ရာ စက်တင်ဘာလတွင် ၅၀ ရာခိုင်နှုန်းသာရှိတော့သည်ဟု သိရသည်။ အီရတ်စစ်ပွဲဆင်နွှဲမှုနှင့် အမေရိကန်အစိုးရက စွပ်စွဲသကဲ့သို့ ယင်းနိုင်ငံတွင် အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များ ရှာဖွေမတွေ့ရှိမှုတို့က သမ္မတဘုရှ်၏ ရေပန်းစားမှုကို ထိခိုက်စေခဲ့သည်။

အမေရိကန်ပြည်သူလူထု အများစုသည် အီရတ်ပြန်လည်ထူထောင်ရေး စရိတ်စကများအတွက် ငွေကြေး ဘီလျံပေါင်းများစွာ ကျခံသုံးစွဲရမည့်အရေးနှင့်ပတ်သက်၍လည်း ဘဝင်မကျမှုများ ပေါ်ပေါက်လျက်ရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းအတွက် အသစ်ပြင်ဆင်ပြောင်းလဲလိုက်သော အဆိုပြုချက်များကို အောက်တိုဘာ ၁၄ ရက်က ထပ်မံတင်ပြလိုက်ပြီးနောက် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် ဗြိတိသျှသံအမတ်ကြီးတို့ နှီးနှောတိုင်ပင်နေကြစဉ်။ ***(အပေါ်ပုံ)***

(ဓာတ်ပုံ-အင်တာနက်)

သိမ်းဆည်းရမိ

မတ်လ ၂၀ ရက်က စတင်သော အီရတ်စစ်ပွဲ၏ တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ဆက်ဒမ်ဟူစိန်၏ စစ်တပ်အပေါ် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က တိုတောင်းသော ကာလအတွင်းမှာပင် စစ်ရေးအရ အနိုင်ရရှိခဲ့သော်လည်း အမေရိကန်စစ်ဘက်သည် အချင်းချင်းမှားယွင်းပစ်ခတ်မှုအပါအဝင် အားနည်းချက်ကြောင့် ဖြစ်ရသောဖြစ်ရပ်များ ပေါ်ပေါက်ခြင်းမှ ရှောင်လွှဲနိုင်ခြင်းမရှိခဲ့ကြောင်း အီရတ်စစ်ပွဲကို သုံးသပ်လေ့လာခဲ့သော စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားကြသည်။

အမေရိကန်တပ်ဖွဲ့သည် တိုက်ခိုက်ရေး၊ စစ်ဆင်ရေးလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အထိ ခုခံတိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

အီရတ်နိုင်ငံတွင် နေ့စဉ်လိုလိုပင် ခုခံတိုက်ခိုက်သည့် ဖြစ်ရပ်များ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။

ဘဂ္ဂဒက်အနောက်ဘက် တီကရစ်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားများ၏ လက်နက်ခဲယမ်းမီးကျောက်များကို မကြာသေးမီက သိမ်းဆည်းရမိခဲ့သည်။ *(အောက်ပုံ)* *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန် ဦးဆောင်ပြီး အီရတ်ကို တိုက်ခိုက်ခဲ့ခြင်းသည် ကုလသမဂ္ဂ၏ နိုင်ငံပေါင်းစုံ အခြေခံအုတ်မြစ်အပေါ် မကြုံစဖူးသော စော်ကားမှုပင်ဖြစ် သည်ဟု ကမ္ဘာ့နိုင်ငံများက ဝေဖန်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများသည် အီရတ်ပြည်သူများ ဆက်လက်၍ အတိဒုက္ခရောက်နေရခြင်း အပေါ် အလွန်အမင်း စိုးရိမ်မကင်းဖြစ်လျက်ရှိကြသည်။

ဘဂ္ဂဒက် အနောက်ဘက် ကီလိုမီတာ ၁၁၀ အကွာ ရာမန်ဒီမြို့ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ စစ်ဆေးရေး ဂိတ်တစ်ဂိတ်တွင် အမေရိကန်စစ်သားများက အီရတ်လူမျိုး အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးနေစဉ်။ (အပေါ်ပုံ)

(ဓာတ်ပုံ-အင်တာနက်)

ကြေကွဲဝမ်းနည်း

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ်သည် အီရတ် ပြည်သူလူထု၏ ဆန္ဒအပြင် နိုင်ငံတကာဆိုင်ရာ အများဆန္ဒကိုလည်း ထင်ဟပ်ရန် လိုအပ်သည်ဟု ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာ့နိုင်ငံများက ပြောကြားကြသည်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ကုလသမဂ္ဂက တိုက်ရိုက်ပါဝင်ခြင်းသည်သာ အီရတ်ပြည်သူလူထုအနေဖြင့် ၎င်းတို့နိုင်ငံ၏ အနာဂတ်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရန်လိုအပ်သည်။ အီရတ်နိုင်ငံ၏ စီးပွားရေးနှင့် အရပ်ဘက်လုပ်ငန်းများဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာတွင် ကုလသမဂ္ဂက ကူညီနိုင်စွမ်းရှိမှသာလျှင် အီရတ်ပြည်သူလူထု၏ ရပ်တည်ချက် ခိုင်မာတိုးတက်လာပေမည်။ စစ်ပွဲ၏အကျိုးဆက်အဖြစ် မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများ သေဆုံးရမှုအတွက် ကြေကွဲဝမ်းနည်းနေကြသော အီရတ်အမျိုးသမီးများ။ (အပေါ်ပုံ) *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံအား စစ်ရေးအရ အရေးယူခဲ့ရမှုနှင့် ပတ်သက်၍ မိမိကိုယ်မိမိ တစ်ဖက်သတ်ကာကွယ်ပြောဆိုနေသည့် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲ၏ ရပ်တည်ချက်နှင့် ပတ်သက်၍ အာဏာရလေဘာပါတီအတွင်း အငြင်းပွားမှုများ ပေါ်ပေါက်လျက်ရှိသည်။ ဆက်ဒမ်ဟူစိန်အစိုးရသည် အစုအပြုံလိုက်ဖျက်ဆီးနိုင်သည့် လက်နက်များကို ၄၅ မိနစ်အတွင်း ဖြန့်ကြက်နိုင်စွမ်းရှိသည်ဟု တိုနီဘလဲက ပြောဆိုခဲ့ခြင်းသည် လိမ်ညာမှုသာလျှင်ဖြစ်သည်ဟု လေဘာပါတီမှ စစ်ဆန့်ကျင်သူများက ပြောကြားကြသည်။ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ကင်းလှည့်ထွက်လာသော ဗြိတိသျှစစ်သည်တစ်ဦးကို တွေ့ရစဉ်။**(အောက်ပုံ)** ***(ဓာတ်ပုံ-အင်တာနက်)***



အီရတ်မြင်ကွင်း

လူလိုက်ပါသော ပထမဆုံးအာကာသယာဉ် တရုတ်ပြည် လွှတ်တင် တရုတ်ပြည်သူတို့၏ သမိုင်းဝင်အောင်ပွဲဟု သမ္မတ ဟူကျင်တောင် ပြောကြား

ဘေဂျင်း အောက်တိုဘာ ၁၆

တရုတ်ပြည်သည် လူလိုက်ပါလာသော အာကာသယာဉ်တစ်စင်းကို ပထမဆုံးအကြိမ် စေလွှတ်နိုင်ခြင်းသည် တရုတ်ပြည်သူလူထုအတွက် သမိုင်းဝင်အောင်ပွဲတစ်ရပ်ပင်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ယမန်နေ့က ပြောကြားသည်။

တရုတ်ပြည်က လူလိုက်ပါသော အာကာသယာဉ်နှင့်အတူ လိုက်ပါသွားသူမှာ တရုတ်လေတပ်မှ ဗိုလ်မှူးကြီးယန်လီဝေ (၃၈ နှစ်)ဖြစ်ပြီး ၎င်းလိုက်ပါသည့် ရှင်ကျိူ-၅ အာကာသယာဉ်ကို လောင်းမာ့ချ်-၂ အက်ဖ်အမျိုးအစား ဒုံးပျံယာဉ်ဖြင့် ဂိုဘီသဲကန္တာရရှိ ဂျူကွမ်းအာကာသစခန်းမှနေ၍ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လွှတ်တင်လိုက်သည်။

တစ်ကိုယ်တော် အာကာသယာဉ်မှူး ဗိုလ်မှူးကြီးယန်လီဝေလိုက်ပါသော အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ၁၄ကြိမ် လှည့်ပတ်ပြီးသည့်အခါ ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

အာကာသယာဉ် လွှတ်တင်သည့် အခမ်းအနားသို့ သမ္မတ ဟူကျင်တောင်ကိုယ်တိုင် တက်ရောက်အားပေးကြည့်ရှုခဲ့သည်။ တရုတ်ပြည်သည် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ပြီးလျှင် ကမ္ဘာပေါ်တွင် တတိယမြောက် လူလိုက်ပါသည့် အာကာသယာဉ် စေလွှတ်နိုင်ခြင်းဖြစ်သည်။

မိမိ၏ အာကာသယာဉ်သည် ကောင်းမွန်စွာလည်ပတ်လျက်ရှိသည်ဟု အာကာသယာဉ်မှူး ယန်လီဝေက အာကာသယာဉ်ပေါ်မှနေ၍ ပြောဆိုခဲ့သည်။ ယန်သည် ကမ္ဘာပတ်လမ်းကြောင်းတွင် ၂၂ နာရီကြာမျှ နေထိုင်ရန် စီစဉ်ထားသည်။

အာကာသယာဉ် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိအပြီး ၁၈ မိနစ်အကြာတွင်မှ အာကာသယာဉ် လွှတ်တင်ပုံကို အမျိုးသားရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပေးခဲ့သည်။

အင်တာနက်။

အာကာသသို့ ပထမဆုံးလွှတ်တင်ခဲ့သည့် တရုတ်အာကာသယာဉ်မှ အာကာသယာဉ်မှူး ဗိုလ်မှူးကြီးယန်လီဝေ မြေပြင်သို့ အောင်မြင်စွာဆင်းသက်ပြီးနောက် ဂုဏ်ယူနှုတ်ဆက်နေစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

အီရတ်နိုင်ငံအတွင်း မကြာသေးမီကာလအတွင်း အသေခံဗုံးခွဲမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၁၅

မကြာသေးမီကာလများအတွင်းက အီရတ်နိုင်ငံတွင် ဗုံးခွဲမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့သည်။

အောက်တိုဘာ ၁၄ ရက်က အီရတ်နိုင်ငံရှိတူရကီသံရုံး ပြင်ပတွင် အသေခံ၍ ကားဗုံးတစ်လုံးဖောက်ခွဲခဲ့ရာ ယာဉ်မောင်းသူနှင့် အခြားတစ်ဦးတို့ သေဆုံးသွားပြီး အနည်းဆုံးလူ ၁၃ ဦး ဒဏ်ရာရရှိသွားသည်။

အောက်တိုဘာ ၁၂ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ဘဂ္ဂဒက်ဟိုတယ်တွင် အသေခံ၍ ကားဗုံးတစ်လုံးခွဲခဲ့သည့်အတွက် ယာဉ်မောင်းနှင့် အခြားတစ်ဦးတို့ သေဆုံးခဲ့ရပြီး အနည်းဆုံးလူ ၃၂ ဦး ဒဏ်ရာရရှိသွားသည်။

အောက်တိုဘာ ၉ ရက်တွင် ဘဂ္ဂဒက်မြို့ ဆာဒီအရပ်တွင် အသေခံဗုံးခွဲခဲ့ရာ ဗုံးခွဲသူနှင့် အခြားလူကိုးဦးတို့ သေဆုံးသွားကြသည်။

ဟိုတယ်ဗုံးခွဲ

စက်တင်ဘာ ၂၅ ရက်တွင် အင်ဘီစီသတင်းထောက်များ တည်းခိုနေသည့် ဟိုတယ်တွင် ထောင်ထားသော ဗုံးတစ်လုံးကွဲခဲ့ရာ ဆိုမာလီလူမျိုးအစောင့်တစ်ဦး သေဆုံးသွားပြီး အင်ဘီစီသတင်းဌာနမှ အသံဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးအနည်းငယ် ဒဏ်ရာရှိသွားသည်။

စက်တင်ဘာ ၂၂ ရက်က ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး ရဲစစ်ဆေးရေးစခန်းတွင် အသေခံ၍ ကားဗုံးတစ်လုံး ဖောက်ခွဲမှုဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ဗုံးခွဲသူနှင့် ၎င်းအား တားဆီးသူ ရဲတစ်ဦးတို့ သေဆုံးသွားပြီးအခြားလူ ၁၉ ဦး ဒဏ်ရာရှိသွားကြသည်။

စက်တင်ဘာ ၉ ရက်တွင် အီရတ်နိုင်ငံမြောက်ပိုင်းရှိ အမေရိကန်ထောက်လှမ်းရေးဌာနရုံးဝင်းကို ပစ်မှတ်အဖြစ်ထား၍ အသေခံ ဗုံးခွဲမှုဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်တွင် လူသုံးဦးသေ ဆုံးသွားခဲ့ပြီး အမေရိကန်ထောက်လှမ်းရေးအရာရှိ လေးဦးတို့ ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။

နာဂျက်ဖ်ဗုံး

ဩဂုတ် ၂၉ ရက်တွင် ရှီးယားမွတ်စလင်များ၏ ဘာသာရေးမြို့တော်နာဂျက်ဖ်ရှိ ရှီးယားဗလီတွင် ကားဗုံးတစ်လုံး ပေါက်ကွဲသွားခဲ့သည်။ ထိုဗုံးကွဲမှုကြောင့် ရှီးယားဘာသာရေး ခေါင်းဆောင် အယာတိုလာမိုဟာမက်ဘာကီအယ်ဟာကင်မ် အပါအဝင်လူ ၈၅ ဦး သေဆုံးသွားခဲ့ရသည်။

ဩဂုတ်လ ၁၉ ရက်ကလည်း ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂ ရုံးချုပ်ရှိရာ ကယ်နယ်ဟိုတယ်တွင် ထရပ်ကားဗုံးတစ်လုံး ပေါက်ကွဲသွားခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် ကုလသမဂ္ဂသံတမန် ဆာဂျီရိုဗီရာဒီမဲလို အပါအဝင်လူ ၂၃ ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည်။

ဩဂုတ်လ ၇ ရက်တွင် ဘဂ္ဂဒက်ရှိ တံတိုင်းကာရံထားသည့် ဂျော်ဒန်သံရုံးပြင်ပတွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် ကလေးငယ်နှစ်ဦး အပါအဝင်လူ ၁၉ ဦး သေဆုံးခဲ့ကြရသည်။

အင်တာနက်။

အောက်တိုဘာ ၉ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး ဆာဒီဒေသရှိ ရဲစခန်းအပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်သားတစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီသံရုံး ဗုံးခွဲခံရ၍နှစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၅

ပြီးခဲ့သော အင်္ဂါနေ့က ဘဂ္ဂဒက်မြို့ တူရကီသံရုံးအဝင်ဝတွင် ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ယာဉ်မောင်းသူ အပါအဝင် လူနှစ်ဦးသေဆုံးသွားပြီး အခြားနှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု မျက်မြင် သက်သေများနှင့် အမေရိကန်စစ်သားများက ဆိုသည်။ တူရကီ အင်တီဗွီ ရုပ်မြင်သံကြားသတင်းဌာနက သံရုံးဝန်ထမ်းနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းအချိန်တွင် ဗုံးများတင်ဆောင်လာသော ကားသည် သံရုံးအဝင်ပေါက်ကို ကားဖြင့်ဝင်ဆောင့်ပြီး ဖောက်ဝင်ရန်ကြိုးစားခဲ့သည်။ သံရုံးဝင်ပေါက်ကို တိုးမိပြီး မကြာမီမှာပင် ကားမှာ ရုတ်ခြည်း ပေါက်ကွဲသွားသည်။ အခင်းဖြစ်ပွားရာနေရာသို့ သတင်းသမားများနှင့် အခြားလူများ မဝင်နိုင်စေရန် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အမေရိကန်စစ်သားများက ပိတ်ဆို့ထားလိုက်ကြသည်။

ရှစ်ဦးသေဆုံး

ဘဂ္ဂဒက်ဟိုတယ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် နှစ်ရက်အကြာတွင် ယခု ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ဘဂ္ဂဒက်ဟိုတယ်တွင် အမေရိကန်အရာရှိများနှင့် အမေရိကန်တို့က တင်မြှောက်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များရှိနေကြသည်။ ဟိုတယ် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် ဗုံးခွဲသူအပါအဝင် အနည်းဆုံး လူရှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

တူရကီအစိုးရက အီရတ်နိုင်ငံသို့ တူရကီတပ်ဖွဲ့များ စေလွှတ်ရေးကိစ္စကို တင်ပြခဲ့ရာ တူရကီပါလီမန်က ခွင့်ပြုချက်ပေးခဲ့သည်။ ထိုကိစ္စကို အမေရိကန်တို့က လိုလားစွာ ချီးကျူးပေးခဲ့သော်လည်း အမေရိကန်တို့ တင်မြှောက်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီက ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ အီရတ်ရှိ ကာ့ဒ်လူမျိုးများကလည်း တူရကီတပ်ဖွဲ့များ စေလွှတ်ရေးကိစ္စကို ဆန့်ကျင်ကြောင်း ဖော်ပြခဲ့သည်။ တူရကီတပ်ဖွဲ့များ စေလွှတ်ဖြစ်ခဲ့လျှင် တူရကီတပ်များသည် မွတ်စလင်နိုင်ငံတစ်ခုမှ အီရတ်သို့ ပထမဆုံးရောက်ရှိလာသော တပ်ဖွဲ့ဖြစ်ဖွယ်ရာ ရှိသည်ဟုဆိုသည်။

တူရကီတပ်ဖွဲ့များနှင့် အမေရိကန်တို့ ဦးစီးသောတပ်ဖွဲ့များသည် အတူတူသာဖြစ်သည်။ ၎င်းတို့သည် အီရတ်နိုင်ငံမှ ထွက်သွားသင့်သော အဖွဲ့အစည်းများ ဖြစ်ကြသည်ဟု ရှီးယားမွတ်စလင်ခေါင်းဆောင် မူတာဒါအယ်ဆာဒ်က ပြီးခဲ့သော အင်္ဂါနေ့က ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်၌ သေဆုံးသူ အမေရိကန်စစ်သားဦးရေ စစ်ဆင်ရေး စကတည်းက ယနေ့အထိ ၃၃၂ ဦးရှိပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့် တပ်များစတင် ထိုးစစ်ဆင်တိုက်ခိုက်သည်မှ အင်္ဂါနေ့ထိ အီရတ်၌ သေဆုံးသည့် အမေရိကန်စစ်သားပေါင်း ၃၃၂ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ကြေညာချက်အရ သိရသည်။

ဗြိတိန်တပ်သား ၅၁ ဦး

ထိုအချိန်အတောအတွင်း ဗြိတိန်တပ်သားပေါင်း ၅၀ ဦး သေဆုံးသွားကြောင်း ဗြိတိန်၏ စစ်ဘက်က ကြေညာသည်။ ဒိန်းမတ်စစ်သားတစ်ဦးနှင့် ယူကရိန်းစစ်သားတစ်ဦးတို့လည်း အသီးသီး သေဆုံးကြရသည်ဟု သိရသည်။

၁၉၄ ဦး

အမေရိကန်ကာကွယ်ရေးဌာန၏ နောက်ဆုံးထုတ်စာရင်းများအရ အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ် မေလ ၁ ရက်က ကြေညာပြီးနောက် အီရတ်၌ သေဆုံးသူ အမေရိကန် စစ်သားပေါင်း ၁၉၄ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသူဦးရေ

အီရတ်၌ စစ်ဆင်ရေးများစတင်ပြီးနောက်ပိုင်း ယနေ့အထိ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရပြီး ဒဏ်ရာရသူ အမေရိကန်စစ်သားဦးရေမှာ ၁၅၀၆ ဦးရှိပြီး အခြားအကြောင်းများကြောင့် ဒဏ်ရာရသူ အမေရိကန်စစ်သား ၃၃၄ ဦး ရှိသည်ဟုဆို၏။

အင်တာနက်။

မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပာဒ် အခြေခံသင်တန်း

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအဖွဲ့ချုပ်တွင် မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပာဒ် အခြေခံသင်တန်းကို အောက်တိုဘာ ၁၉ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ၂ နာရီထိ ပို့ချပေးမည်ဖြစ်သည်။ ယင်းသင်တန်းတွင် မိုးကုတ်ဓမ္မကထိကများဖြစ်ကြသော ဒေါက်တာ ဦးကျော်မြင့်နှင့် ဆရာမကြီး ဒေါ်ဝိမလစာရီတို့က ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြီချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မော်တော်ယာဉ်၊ ရေယာဉ်များနှင့် အခွန်တာဝန်

အခွန်အရာရှိတစ်ဦး

ထွန်း: ကိုသက်၊ ဗျို့-ကိုသက်ရှိလား။

သက် ဟ-ဘယ်သူလဲကွ၊ ဟာ-တင်ထွန်းပါလား၊ ဘာကိစ္စလဲကွ။

ထွန်း: ဒီလိုဗျ၊ ကျွန်တော်ကားပွဲစားတန်းမှာကြားခဲ့လို့၊ အစ်ကိုတို့ကားတွေကို အခွန်ကောက်မလို့ဆို၊ အစ်ကိုက အခွန်ဌာနက အရာရှိဆိုတော့ အစ်ကိုပြောတာ အမှန်ဆုံးဖြစ်မှာမို့ ပြေးလာတာဗျ။

သက် အေးပါကွာ၊ မင်းက ကားပွဲစားပဲ၊ ဘာစိတ်ပူစရာရှိလဲ၊ အခွန်ဆောင်စရာ ကားမှမရှိတာ။

ထွန်း: ဒီလိုလည်း ဘယ်ဟုတ်မလဲ အစ်ကိုရာ၊ ကျွန်တော်တို့ ပွဲစားဆိုတာ အခွန်ကိစ္စ အပါအဝင် ဗဟုသုတစုံဖို့လိုတယ် အစ်ကိုရ၊ ဒါနဲ့ နေပါဦး၊ ကားတွေက အခွန်ဆောင်တာ မပြီးသေးဘူးလား၊ အခု ကောက်မှာ ကားအသစ်တွေကိုလား။

သက် ဒီလိုကွ၊ ကားတွေထဲမှာ အချို့ကားတွေက အခွန်ဆောင်ပြီးသားတွေ ရှိပေမယ့် အချို့ကားတွေကျတော့ မဆောင်ကြရသေးဘူး၊ အချို့ကားတွေကတော့ ကြိုတင်ခွန်ဆိုပြီး တချို့တစ်ဝက်ပဲ ဆောင်ထားကြရသေးတာကွ၊ အခုတော့ ယာဉ်တွေအားလုံး တစ်ပြေးညီ ယာဉ်ပိုင်ဆိုင်မှုမှာ ပိုင်ရှင်အမှန်တွေရဲ့ အမည်ပေါက်တဲ့ယာဉ်တွေ စနစ်တကျဖြစ်စေဖို့ ပြုလုပ်တဲ့ စနစ်ကောင်းတစ်ခု ဖော်ဆောင်ဖို့လုပ်တာပဲကွ၊ ယာဉ်တွေမှာ ပိုင်ရှင်မှန်တွေရှိပြီဆိုတော့ ရေရှည်မှာ ယာဉ်တွေနဲ့ ပတ်သက်ပြီး လုံခြုံရေးကိစ္စတွေ၊ အခွန်ရှောင်တိမ်းတဲ့ ကိစ္စတွေမှာ စိတ်ချသွားရပြီး စနစ်ကောင်းတစ်ခုရဲ့ လမ်းကြောင်းအမှန်ပေါ် ရောက်သွားတော့မှာကွ။

ထွန်း: ဒါဆိုရင်တော့ ရေရှည်အတွက် ကောင်းသွားတာပေါ့ဗျာ၊ နောက်ဆိုရင် အခွန်ကိစ္စအတွက်လည်း စနစ်ကျပြီး ရှင်းလင်းသွားတာပေါ့၊ ဒါနဲ့ နေပါဦးဗျ၊ စနစ်သစ်မှာ ဘာတွေ ထပ်ထူးလာမှာလဲ။

သက် ဒီလိုကွ၊ အရင်က ယာဉ်တစ်စီးကို လိုင်စင်အသစ်လုပ်တာ၊ လိုင်စင်သက်တမ်းတိုးတာ၊ အမည်ပြောင်းတာတွေကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကညန)မှာ လုပ်ပြီးမှ အခွန်ကိစ္စ ဆောင်ရွက်တော့ အချို့ကားတွေက အခွန်ဌာနကို လာပြီးအခွန်မဆောင်ကြတော့ဘူး၊ အခု စနစ်သစ်မှာတော့ အခွန်ဌာနမှာ အခွန်ကိစ္စ အရင်ဆောင်ရွက်ပြီး အခွန်ဌာနက စာရွက်စာတမ်းပါမှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှာ လိုင်စင်သက်တမ်းတိုးကိစ္စ၊ အမည်ပြောင်းကိစ္စတွေ လုပ်လို့ရမှာကွ။

ထွန်း: ဟာ-ဒါဆို ယာဉ်တွေဟာ နှစ်စဉ် အခွန်ဆောင်နေရမှာလား။

သက် မဟုတ်ပါဘူးကွာ၊ အခွန်ဆောင်ပြီးသား ယာဉ်တစ်စီးကို အရောင်း၊ အဝယ်မလုပ်ဘဲ မိမိဘာသာစီးနေရင် အခွန်ထပ်ဆောင်စရာ မလိုပါဘူး၊ အေး-ဒါပေမယ့် အဲဒီယာဉ်ကို ရောင်းတဲ့အခါမှာတော့ ရောင်းတဲ့လူနဲ့ ဝယ်တဲ့လူနှစ်ဦးလုံးက အခွန်ဆောင်ကြရပြီး အမည်ပြောင်းကြရမှာပေါ့၊ ဒါမှ ယာဉ်တွေမှာ ပိုင်ရှင်အစစ်အမည်တွေနဲ့ စနစ်တကျရှိနေမှာကွ။

ထွန်း: အခု ဒီစနစ်စလုပ်တော့ အရင်တုန်းက ယာဉ်တွေကို အဆင့်ဆင့်ဝယ်ခဲ့၊ ရောင်းခဲ့တာတွေကော ဘယ်လိုလုပ်မှာလဲ။

သက် အခု စနစ်သစ် စတဲ့အချိန်မှာ ယာဉ်လက်ဝယ်ရှိတဲ့ ပိုင်ရှင်တွေကို စပြီး သူတို့ပိုင် ယာဉ်ရဲ့ အခွန်ကိစ္စကို ရှင်းစေမှာကွ၊ ပိုင်ရှင်အဆင့်ဆင့် နောက်ကြောင်းမပြန်တော့ပါဘူး၊ အေး-အခုအစီအစဉ်နဲ့ နောက်ပိုင်း ရောင်းဝယ်မှုတွေကျရင်တော့ စနစ်သစ်အတိုင်း စနစ်တကျ အခွန်ဆောင်ပြီးမှ အမည်ပြောင်းကြရတော့မှာပေါ့ကွာ။

ထွန်း: အင်း-ဒါဆိုရင်တော့ အရင်လို ငွေများများရှိတိုင်း ပိုင်ရှင်အမည်ခံတွေရဲ့ အမည်မျိုးစုံနဲ့ ကားတွေဝယ်၊ လှောင်၊ ရောင်းလုပ်လို့ မလွယ်တော့ဘူးပေါ့၊ ဒါပေမယ့် ကျွန်တော်တို့ ပွဲစားတွေ ထိခိုက်တယ် အစ်ကိုရ။

သက် ဒါတော့ အများပြည်သူအကျိုးကို ပိုကြည့်ရမှာပေါ့ကွာ၊ အရင်က အဲဒီလိုလုပ်ခဲ့ကြလို့ ကားဈေးတွေ အဆမတန်ကြီးခဲ့တာ မင်းလည်း အသိပဲ မဟုတ်လား။

ထွန်း: နေပါဦးအစ်ကိုရ၊ အခု ကားတွေအပေါ် အခွန်ကောက်မယ်ဆိုတဲ့ သတင်းတွေ အပြင်မှာ ကြားနေရတယ်၊ ဘယ်လိုကောက်မှာလဲ၊ အခွန်နှုန်းတွေ တိုးကောက်မှာလား။

သက် မင်းသိအောင် ရှင်းပြရရင် ပြည်ပက သွင်းလာပြီး အခွန်ဆောင်ပြီးစီးနေကြတဲ့ မူလပိုင်ရှင်လက်ဝယ်ရှိ ကားတွေ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှာ အခွန်ပြေကျေစွာ ပေးပြီးတဲ့ကားတွေ၊ အစိုးရဌာနဆိုင်ရာ ကားတွေ၊ ကုမ္ပဏီပိုင်ယာဉ်တွေဆို အခုထပ်ပြီး အခွန်ပေးစရာ မလိုတော့ဘူးကွ၊ အခု ကောက်မှာက အခွန်မပြေကျေသေးတဲ့ ကားတွေကိုပဲ ကောက်မှာပါကွ၊ အခွန်နှုန်းတွေလည်း မတိုးပါဘူး၊ အခွန်ဥပဒေနဲ့အညီပဲ ကောက်မှာပါ၊ အခွန်ပေးဆောင်ရတာလည်း ပိုအဆင်ပြေ လွယ်ကူမြန်ဆန်အောင် လုပ်ပေးမယ်ကွာ၊ ဒါ့အပြင် ယာဉ်တွေရဲ့တန်ဖိုးကို ဈေးဖြတ်တဲ့နေရာမှာလည်း ပြင်ပပေါက်ဈေး ထက်လျှော့ပြီး သတ်မှတ်ဈေးနဲ့ တန်ဖိုးဖြတ်မှာပါ၊ တစ်ခါ အခွန်ပေးဆောင်ရာမှာလည်း ဝင်ငွေရလမ်း ဖော်ပြတဲ့စနစ်လည်း ခွင့်ပြုပေးထားမှာပါ၊ တကယ်လို့ ဝင်ငွေရလမ်း မဖော်ပြနိုင်တဲ့ သူတွေအတွက်တော့ ဝယ်တဲ့သူကို ယာဉ်သတ်မှတ်ဈေးရဲ့ ၁၅ ရာခိုင်နှုန်း ဝန်းကျင်လောက်နဲ့ ရောင်းတဲ့သူအတွက်တော့ သတ်မှတ်ဈေးရဲ့ ၅ ရာခိုင်နှုန်းလောက်ပဲ ကျသင့်အောင်တွက်ချက်ပြီး ပေးဆောင်ခိုင်းမှာပါကွ။

ထွန်း: ဒါပေမယ့် အခုချိန်မှာ အချို့ယာဉ်ပိုင်ရှင်တွေအနေနဲ့ ငွေလုံးခနဲခဲခနဲ တစ်ကြိမ်တည်းနဲ့ ဆောင်ဖို့ အခက်အခဲရှိရင် ဘယ်လိုလုပ်မလဲ။

သက် အဲဒါအတွက်လည်း စီစဉ်ပေးထားပါတယ်ကွ၊ ဥပမာ-တစ်လုံးတစ်ခဲတည်း အခွန်ပေးဆောင်ဖို့ အခက်အခဲရှိတဲ့သူတွေအတွက် အရစ်ခွဲပြီး ဆောင်နိုင်အောင်လည်း စီစဉ်ပေးထားမှာကွ။

ထွန်း: အေးဗျာ-ဒါဆိုရင်တော့ အခွန်ဆောင်ရမယ့်သူတွေအတွက် အတော်အဆင်ပြေကြမှာပဲ၊ နောက်ပိုင်း အခွန်ရှောင်ကြတဲ့လူတွေလည်း အတော်နည်းသွားမှာ သေချာတယ်ဗျ။

သက် ဒါပေါ့ကွာ၊ အခု စီစဉ်တာကိုက အခွန်ငွေတွေရရေးထက် နိုင်ငံတကာအဆင့် ယာဉ်ပိုင်ဆိုင်မှု စနစ်ကောင်းတစ်ခု ပေါ်ပေါက်လာပြီး လူထုကြားထဲ စိမ့်ဝင်ပျံ့နှံ့သွားရေး ဆောင်ရွက်တာက အဓိကဖြစ်တယ်ကွ။

ထွန်း: အခုလို သေချာရှင်းပြတာ ကျေးဇူးပါပဲ အစ်ကိုရာ၊ ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ်။ ။

ဒါရိုက်တာ ကျော်ဇောလင်း၏ "မြားနတ်မောင် ထိချက်ပြင်းတယ်" ဗီဒီယိုဇာတ်ကားမှ လွင်မိုးနှင့် စိုးမြတ်နန္ဒာ။

မြားနတ်မောင် ထိချက်ပြင်းတယ် မကြာမီ ဖြန့်ချိမည်

ရန်ကုန် အောက်တိုဘာ ၁၆

သံလွင်ဖြိုး ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာကျော်ဇောလင်း ရိုက်ကူးသော **မြားနတ်မောင် ထိချက်ပြင်းတယ်** ဇာတ်ကား မကြာမီဖြန့်ချိရန် စီစဉ်လျက်ရှိသည်။

လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ပပဝင်းခင်နှင့် ဟာသ သရုပ်ဆောင်များ ပါဝင်၍ ကွန်ပျူတာ တည်းဖြတ်မှုများဖြင့် အထူးပြု ရိုက်ကူးထားသည်ဟု ဆိုသည်။ **(ကြေးမုံ)**



မြို့မရုံတွင် ပြသနေသော အိန္ဒိယ ဇာတ်ကား: Dil Hai Tumhaara မှ ဇာတ်ဝင်ခန်း တစ်ကွက်။

"အမုန်းပြိုင်ပွဲ" ဟာသအချစ် ဇာတ်ကားသစ် ရုံတင် "ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍" ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် အောက်တိုဘာ ၁၆

ယခု သောကြာပတ်တွင် ရွှက်စိမ်းရုပ်ရှင်မှ ရွှေဒုံးထွန်းလွင်၏ ဝတ္ထုကို ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်တို့ ရိုက်ကူးသည့် "အမုန်းပြိုင်ပွဲ" ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသသည်။

ဟဒယရှင်ဆေး

ထိုဇာတ်ကားတွင် ရာဇာနေဝင်း၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။ လူငယ်စာရေးဆရာဆိုသူနှင့် မိန်းမပျိုကလေး တွေ့ရှိကြရာမှ အဆင်မပြေ ကတောက်ကဆတ်ဖြစ်မှုများကို ကွင်းဆက်ပြုကာ ဟဒယရှင်ဆေး တိုက်ကျွေးထားသော ဟာသအချစ်ဇာတ်ကား တစ်ကားဖြစ်သည်။

ကမ်းလွန်ပင်လယ်ပြင်

ဆက်လက်၍ ရွှေတောင်ရုပ်ရှင်မှ ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူး၍ ဒွေးနှင့် နန္ဒာလှိုင်တို့ ပါဝင်သော **ကမ်းလွန်ပင်လယ်ပြင်ကိုဗဟိုပြု၍** ဇာတ်ကား ရှေ့ဆောင်၊ နေပြည်တော်ရုံနှင့် နဝဒေးရုံများတွင် တင်ဆက်ပြသဆဲရှိသည်။

ရူးပြီ

ယခု သောကြာပတ်တွင် ရွှေဂုန်ရုံ၌ ဒါရိုက်တာမီးပွား ရိုက်ကူး၍ ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို၊ နဝရတ်၊ ပိုးဖြူသဲတို့ ပါဝင်သည့် **ရူးပြီ** အဆင့်မြင့် ဗီဒီယိုခေါ် ဒီဗီဒီဇာတ်ကား ဆက်လက်ပြသဆဲရှိသည်။

အိန္ဒိယဇာတ်ကားသစ်

မြို့မရုံတွင် Dil Hai Tumhaara အမည်ရှိ အိန္ဒိယဇာတ်ကားသစ် ပြသနေသည်။ လူ့ဘဝတွင် မထင်မှတ်သော တွေ့ဆုံကြုံကွဲမှုများ၊ အချစ်နှင့် အလွမ်းများကို သရုပ်ဖော်ပြသထားသော မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။

ဆုထူးပန်ရုံ၌ Kuch Kuch Hota Hai အမည်ရှိ အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။

သုံးပွင့်ဆိုင်

ရှုရှတ်ခန်နှင့် ကာဂျိုလ်တို့ ပါဝင်၍ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို ဆန်းသစ်သော တေးဂီတအကများဖြင့် တန်ဆာဆင်ပြသထားသည်။

အမုန်းပြိုင်ပွဲ

"အမုန်းပြိုင်ပွဲ" ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်။

အကယ်ဒမီသုံးဆုရဇာတ်ကား

ရတနာပုံရုံတွင် Gupt အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသည်။ ဘော်ဘီဒေါ၊ ကာဂျိုးတို့ ခေါင်းဆောင်ပါဝင်ထားကြပြီး လျှို့ဝှက်စွန့်စားမှုများ ပါဝင်သော အကယ်ဒမီသုံးဆုရ ဇာတ်ကားဖြစ်သည်။ **(ကြေးမုံ)**

ပြည်သူတို့တစ်ခဲနက်ထောက်ခံသော ရှေ့လုပ်ငန်းစဉ်(၇)ရပ် အာဆီယံနှင့် နိုင်ငံတကာကလည်းထောက်ခံ

တက္ကသိုလ်မြတ်သူ

အရှေ့တောင်အာရှဒေသနိုင်ငံ ၁၀ ခု စုစည်းထားသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) နဝမ အကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နေ့များက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ ယင်းထိပ်သီးအစည်းအဝေးနှင့် တစ်ပါတည်း အာဆီယံ+၃ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံ)တို့နှင့်ပါ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အာဆီယံထိပ်သီးအစည်း အဝေး ကိုးကြိမ်၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အာဆီယံ +၃ အစည်းအဝေး ခုနစ်ကြိမ် ကျင်းပခဲ့သည်။

အာဆီယံထိပ်သီး အစည်းအဝေးသည်လည်းကောင်း၊ အာဆီယံ+၃ အစည်းအဝေးသည်လည်းကောင်း၊ ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးပွားရေးကို ရည်ရွယ်ဆွေးနွေးသည့် အစည်းအဝေးများဖြစ်သည်။ ယခုနှစ် အာဆီယံထိပ်သီး အစည်းအဝေးနှင့် အာဆီယံ+၃ အစည်းအဝေးများသည် ပုံမှန်လုပ်ရိုးလုပ်စဉ် အစည်းအဝေးများဖြစ်သည်။ ဤအစည်းအဝေး မတိုင်မီ ရက်သတ္တပေါင်းများစွာကပင် အနောက်အုပ်စုမီဒီယာများ(စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်)တို့မှ ဘေးတီးမှု၊ လှုံ့ဆော်မှု၊ သပ်လျှိုမှု၊ လိုသလို ဟောကိန်းထုတ်မှုများ လုပ်နေခဲ့ကြသည်ကို သတိပြုမိပါသည်။ ဤတွင် သတင်းသမားဘဝဖြင့် ဘဝခရီးကို လျှောက်ခဲ့သော ကျွန်တော့်အဖို့ လိုအပ်သည်ထက်ပို၍ မျက်စိဖွင့်၊ နားစွင့်ခဲ့ရသည်။ သတင်းဆိုလျှင် အကုန်နားစွင့်၊ မျက်စိဖွင့်နေခဲ့ရသည်။ ထိုဘေးတီး၊ လှုံ့ဆော်၊ သပ်လျှို၊ လိုသလိုဟောကိန်း ထုတ်နေကြသူများသည် အာဆီယံကြီး မညီမညွတ် ပြိုကွဲသွားစေလိုသော စေတနာဆိုး၊ အာဆီယံအသင်းဝင်နိုင်ငံအချို့နှင့် အသင်းကို လှည့်တိုက်ပေးပြီး နိုင်ငံရေး အမြတ်ထုတ်လိုသော စေတနာဆိုးများ၊ အထူးသဖြင့် မြန်မာနိုင်ငံကို အာဆီယံက အနောက်အုပ်စု အလိုကျ ဖိအားပေးရန် တွန်းအားပေးသော လုပ်ရပ်ဆိုးတို့ ပြည့်လျှမ်းနေသူများ ဖြစ်ပေသည်။

ကျွန်တော့်အနေဖြင့် နှစ်ပေါင်း ၃၀ ကျော် အာဆီယံအသင်းကြီးက တည့်မတ်စွာ ကျင့်သုံးခဲ့သော မှန်ကန်မွန်မြတ်သည့် မူ(ဝါ)ကျင့်စဉ်ကို သတိထားမိ၍ ထိုဘေးတီးသူတို့ပွဲပြီးလျှင် ဆွေ့ဆွေ့ခုန်ကြတော့မည်ကို ကြိုသိနေခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ကျော် အာဆီယံက မမိုတ်မသုန် ကျင့်သုံးခဲ့သောမူမှာ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အသင်းကြီးက မည်သည့်အခါ၊ မည်သည့်အကြောင်းနှင့်မျှ ဝင်ရောက်စွက်ဖက်ခြင်း မရှိဟူသော မူ(ကျင့်စဉ်)ဖြစ်ပါသည်။

အာဆီယံထိပ်သီးများ ဘာလီသို့ မရောက်မီကပင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ စတင်ဆုံတွေ့ဆွေးနွေးကြသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ကြိုတင်ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းများက ဆိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာလ ၆ ရက်နေ့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ဘာလီသို့ရောက်ရှိသည်။ ထိုနေ့ညနေပိုင်းတွင် အာဆီယံနိုင်ငံများမှ အကြီးအကဲ၊ အစိုးရအကြီးအကဲများ၏ လုပ်ငန်းသဘော ညစာစားပွဲသို့ တက်ရောက်သည်။ ယင်းလုပ်ငန်းသဘော ညစာစားပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆက်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားနိုင်ငံ သမ္မတ မဒမ်မယ်ဂါဝတီ ဆိုကာနိုပူထရီ၊ လာအိုပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘွန်ညံဗိုရာချစ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာ မဟာသီဘင် မိုဟာမက်၊ ဖိလစ်ပိုင်သမ္မတ မစ္စစ် ဂလိုရီယာမာဂါပါဂါလ်အာရိုယို၊ စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာအွန်ကင်ယောင်းတို့ တက်ရောက်သည်။ လုပ်ငန်းသဘော ညစာစားပွဲတွင် အာဆီယံနိုင်ငံ အကြီးအကဲ၊ အစိုးရအကြီးအကဲများသည် ညစာအတူသုံးဆောင်ကြပြီး ရင်းရင်းနှီးနှီးအလွတ်သဘော တွေ့ဆုံဆွေးနွေးကြသည်ကို ရုပ်/သံ နိုင်ငံခြားသတင်းများ၌ မြင်တွေ့ရသည်။

အောက်တိုဘာလ ၆ ရက်နေ့မှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်လည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မဟာသီဘင် မိုဟာမက်နှင့်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံနှုတ်ဆက်ကြသည်။ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါနှုတ်ဆက်ကြသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရင်း ခေါင်းဆောင်းချင်း ရင်းရင်းနှီးနှီး ပြောဆိုကြသည့် အကြောင်းအရာအချို့ကို ကောက်နုတ်တင်ပြလိုပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် အေးချမ်းတည်ငြိမ်လျက်ရှိပြီး နိုင်ငံ၏ စီးပွားရေးလည်း တိုးတက်လျက်ရှိသည်ကိုသိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီးငါးချက်ကိုသာ အစဉ်အမြဲ လိုက်နာကျင့်သုံးကြောင်း၊ နိုင်ငံတိုင်းသည် မိမိပြည်တွင်းရေးကိစ္စရပ်များအပေါ် ကိုယ်ပိုင်ဖြေရှင်းခွင့်ရှိရမည် ဟုခံယူကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်ရေး၊ တိုးတက်ရေးကို လိုလားပြီး နှစ်နိုင်ငံဆက်ဆံမှု မြင့်တင်ရေးကိုလည်း လိုလားကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကိုလည်း ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မြားမြောင်ပေါကြွယ်လှသော သယံဇာတများ ဖော်ထုတ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၊ လူသားအရင်းအမြစ် ပျိုးထောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် များစွာ အားရကျေနပ်ဖွယ်ရာ ကောင်းကြောင်း၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများသည် များစွာအကျိုးရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်က အဘက်ဘက်မှ ရပ်တည်ပေးသည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်းမူဝါဒကို အမြဲတမ်းထောက်ခံ ကျင့်သုံးသွားမှာဖြစ်ကြောင်း ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားသည်။

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမဟာသီဘင် မိုဟာမက်ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တွေ့ဆုံရာ၌ မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံဘက်က ခိုင်မာစွာရပ်တည်ထောက်ခံသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကြောင်းကိစ္စများကို မြန်မာပြည်သူများကသာ ကိုင်တွယ်ဖြေရှင်းသင့်သည်ဟု ခံယူကြောင်း၊ မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ဖြစ်ပြီး မြန်မာနိုင်ငံအား အတတ်နိုင်ဆုံး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ အားကိုးအားထားပြုနိုင်သော အဖွဲ့ဝင်ဖြစ်လာနိုင်သည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းပီသစွာဖြင့် မလေးရှားနိုင်ငံက ကူညီပံ့ပိုးမှုများ၊ မြန်မာနိုင်ငံအတွက် ရပ်တည်ပေးမှုများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ မြန်မာ-မလေးရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး တိုးတက်ဖြစ်ထွန်းနေမှာဖြစ်ကြောင်း ပြောကြားသည်။ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို သိရှိခွင့်ရသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ချက်များ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းကြောင်း မြန်မာနိုင်ငံရင်ဆိုင်ရသော စိန်ခေါ်မှုများကို နားလည် သဘောပေါက်ကြောင်း၊ မြန်မာနိုင်ငံသည် အလားအလာများစွာရှိသည့် နိုင်ငံဖြစ်သည်ဟု ယူဆကြောင်း၊ ပြောကြားသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က စင်ကာပူနိုင်ငံ၏ ကူညီမှုများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကူးပြောင်းရေးအတွက် ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ် ချမှတ်ဆောင်ရွက်နေမှုများကို ထောက်ခံအားပေးသည့်အတွက်လည်း အထူးကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံ ရင်းနှီးခင်မင်စွာ ဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

အာဆီယံ အသင်းဝင်နိုင်ငံအားလုံးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများက မြန်မာနိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ရှေ့လုပ်ငန်းစဉ်ခုနှစ်ရပ်ကို နားလည်လက်ခံကြသည်။ မြန်မာ့အရေးကို မြန်မာပြည်သူ၊ ပြည်သားများက ကိုင်တွယ်ဆောင်ရွက်သင့်သည်ဟူသော အယူအဆကိုလည်း တညီတညွတ်ဖော်ထုတ်ပြသခဲ့ကြသည်။

မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော အသင်းဝင်နိုင်ငံများမှ ခေါင်းဆောင်များအား မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဆင့်ခုနစ်ဆင့်ပါ လမ်းညွှန်မြေပုံ Road Mapကို ရှင်းလင်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် ယနေ့ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရန် နိုင်ငံတော်ရှေ့လုပ်ငန်းစဉ် ခုနှစ်ရပ်ကို မိမိဝန်ကြီးချုပ်တာဝန်ယူပြီး မကြာမီ ကြေညာခဲ့ပါကြောင်း၊ ထိုရှေ့လုပ်ငန်းစဉ်ခုနစ်ရပ် အောင်မြင်စေရေးအတွက် အမျိုးသားညီလာခံ ပြန်လည်ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲသွားမည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုသွားမည်။ အဲဒီနောက် တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပြီး ဥပဒေပြုလွှတ်တော်ကျင်းပမည်။ အစိုးရအဖွဲ့ကို အခြေခံဥပဒေနှင့်အညီ လွှတ်တော်ကဖွဲ့စည်းမည်။ ထိုအစိုးရ သစ်ထံသို့ နိုင်ငံတော်အာဏာလွှဲပေးမည်။ ထိုအစိုးရက နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို ဆက်လက်ဦးဆောင် သွားပါလိမ့်မည်။ ယခုအခါ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးထားပြီး ဖြစ်သည်။ ဒီလုပ်ငန်းတာဝန်တွေဟာ လွယ်လွယ်ကူကူနဲ့ နေ့ချင်းညချင်းပြီးစီးနိုင်တဲ့ လုပ်ငန်းမျိုးမဟုတ်ပါဘူး။ မြန်မာနိုင်ငံ၏ အခြားအာဆီယံနိုင်ငံများနှင့်မတူသော အနေအထားတစ်ခုမှာ မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးတစ်ရာကျော် ရှိနေတဲ့အတွက် မိမိတို့မည်ရွေ့မည်မျှ သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဆောင်ရွက်ရမည်ဆိုသည်ကို အားလုံးသဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လက်နက်ကိုင်ပြီး အချင်းချင်းတိုက်နေခဲ့ကြပါသည်။ ယခုအခါအဆိုပါ လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နဲ့ ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။ အခြေခံဥပဒေသစ်ရေးဆွဲရာမှာ အားနည်းချက်များ၊ အမှားများပါ၍မဖြစ်ပါ။ အမှားအယွင်း ရှိလျှင် နိုင်ငံအတွက် အန္တရာယ်ကြုံတွေ့ရနိုင်ပါသည်။ အမျိုးသားညီလာခံတွင် တိုင်းရင်းသားစုံ ကိုယ်စားလှယ်များ နိုင်ငံရေးပါတီများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ စသည်ဖြင့် လူတန်းစားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ တိုင်းရင်းသားစုံ ကိုယ်စားလှယ်များ ပါဝင်လျက်ရှိကြသည်။ အမျိုးသားညီလာခံတွင် အကြေအလည်၊ အပြန်အလှန်၊ အလျှော့အတင်းတို့ဖြင့် အားလုံးသဘောတူညီမှုရအောင် ကြိုးစားနေရပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းများကို အချိန်ပိုင်းခြား ကန့်သတ်ပြီး အလောသုံးဆယ်လုပ်ယူ၍ မရနိုင်ပါ။ အစိုးရအနေနှင့် ထိုလုပ်ငန်းစဉ်များကို ရေရှည်ဆွဲပြီး မလုပ်လိုပါ။ သို့သော် အားလုံး၏ကျေနပ်မှု၊ ကြေလည်မှုရရှိအောင် အချိန်ပေးတန်သရွေ့ ပေးရပါမည်။ မိတ်ဆွေနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများက ထိုအခက်အခဲများကို ကျော်လွှားနိုင်အောင် နားလည်ပေးကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ပြင်ပမှ ဖိအားပေးခြင်း၊ စွက်ဖက်ခြင်း တို့ဖြင့် ထိုသိမ်မွေ့သော လုပ်ငန်းများကို ထိခိုက်စေနိုင်ပါသည်။ မိမိတို့အနေဖြင့် လိုအပ်သော အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အချင်းချင်း နားလည်မှုရှိရေးကို မိမိတို့ဘာသာတည်ဆောက်ပြီး လုပ်ငန်းများ ပြီးမြောက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။ အားလုံးက ထိုအနေအထားကို နားလည်ပေးကြလိမ့်မည်၊ ပူးပေါင်းဆောင်ရွက်ကူညီကြလိမ့်မည်ဟု ယုံကြည်ပါသည် စသည်ဖြင့် တင်ပြခဲ့သည်။ အာဆီယံအသင်းဝင်နိုင်ငံများ၏ နားလည်လက်ခံမှု၊ ကြိုဆိုထောက်ခံမှုရရှိနိုင်ခဲ့သည်ကို သတင်းများက ပီပီပြင်ပြင် ဖော်ပြလျက်ရှိပါသည်။

အောက်တိုဘာ ၇ ရက်နေ့စွဲဖြင့် အလှည့်ကျအာဆီယံ ဥက္ကဋ္ဌလည်းဖြစ်၊ ထိပ်သီးအစည်းအဝေး သဘာပတိလည်းဖြစ်သော အင်ဒိုနီးရှားနိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီ ဆိုကာနို ပူထရီ ထုတ်ပြန်သော အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကြေညာချက်တွင် အာဆီယံ၏ ရှေ့လုပ်ငန်းများ၊ အောင်မြင်မှုများနှင့် ဆွေးနွေးခဲ့သော အကြောင်းအရာများကို အသေးစိတ်ဖော်ပြထားသည်။ ယင်းထုတ်ပြန်ကြေညာချက် အပိုဒ် (၂၅)တွင် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံ၏ မကြာမီက ဖြစ်ထွန်းလာသည့် အပြုသဘောဆောင်သော တိုးတက်မှုများနှင့် မြန်မာအစိုးရ၏ ဆွေးနွေးခြင်း၊ ပြေလည်ခြင်းဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမည့် အစီအစဉ်များကို ကြိုဆိုထောက်ခံကြပါကြောင်း၊ မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် တင်ပြသည့် လမ်းညွှန်မြေပုံသည် မြန်မာပြည်သူ အလွှာစုံက သဘောပေါက် ထောက်ခံမည့် လက်တွေ့ချဉ်းကပ်မှု ဖြစ်ကြောင်း၊ အာဆီယံခေါင်းဆောင်များက အရေးယူပိတ်ဆို့ခြင်းသည် ဒီမိုကရေစီအခြေချမှုအတွက် လိုအပ်သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့ကို အထောက်အကူဖြစ်လိမ့်မည်မဟုတ်ဟု သဘောတူညီကြကြောင်း ဖော်ပြထားသည်။

အနောက်မှပါးစပ်အချို့နှင့် မီဒီယာအချို့က အာဆီယံထိပ်သီးအစည်းအဝေးအပေါ် ကြိုတင်နှုတ်ကြောင်းပေးမှုများဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရှေ့လုပ်ငန်းစဉ်အပေါ် အဆိုးမြင်အပြော၊ အရေးအသားများ မိုးမွှန်နေခဲ့သည်။ အာဆီယံတွင် ဘယ်ခေါင်းဆောင်က မြန်မာနိုင်ငံကို ပြစ်တင်တော့မည်၊ ဆန့်ကျင်တော့မည် စသည့် ရေလာမြောင်းပေးလုပ်ကြသည်။ လက်တွေ့တွင်မူ အာဆီယံထိပ်သီး အစည်းအဝေးနှင့် အာဆီယံ+၃ ထိပ်သီး အစည်းအဝေးသည် အချင်းချင်းနားလည်မှုအပြည့်၊ ရင်းနှီးချစ်ကြည်မှုအပြည့်ဖြင့် ၂၀၂၀ တွင် အာဆီယံဒေသတွင် တစ်ခုတည်းသော ဈေးကွက်ဖြစ်ပေါ်ရေးကို သဘောတူညီမျှကြသည်။ အာဆီယံနှင့် +၃ နိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေးဒေသဖြစ်ပေါ်ရေးကိုလည်း ဦးတည်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဂျွန်အိချိရိုကိုအိဇုမိက မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းလာသည်ကို မိမိတွေ့မြင်လိုကြောင်း ပြောသည်။ အနောက်မီဒီယာများ ပုံကြီးချဲ့သကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ သီးခြားတွေ့ဆုံခြင်းမရှိခဲ့ချေ။ အစည်းအဝေး အပြီး စကြံ တွင်ဆုံတွေ့စဉ် ငါးမိနစ်ခန့်ရပ်ပြီး နှုတ်ဆက်ဖြစ်၊ စကားပြောဖြစ်ခြင်းသာရှိသည်။ အောက်တိုဘာ ၈ ရက်နေ့က ဘာလီတွင်ထုတ်ပြန်သော မြန်မာနိုင်ငံ၏ ကြေညာချက်တွင်"မြန်မာနိုင်ငံသည် စိန်ခေါ်မှုအများအပြားနှင့်ရင်ဆိုင်ပြီး ဒီမိုကရေစီတည်ဆောက်နေရကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးကို မြန်မာပြည်သူတို့၏ သဘောထားဆန္ဒနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်တည်ဆောက်ရေးသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုထက် မြန်မာနိုင်ငံသားအားလုံးတို့အတွက် အရေးကြီးပါကြောင်း၊ ဂျပန်ဝန်ကြီးချုပ်၏ အာဆီယံ+၃ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲကြေညာချက်ကို ဖြေကြားရင်း မြန်မာနိုင်ငံက ဂျပန်ဝန်ကြီးချုပ်အား အခိုင်အမာပြုလိုသည်မှာ မြန်မာသည် မိမိတို့နိုင်ငံအတွက် အကောင်းဆုံး လုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုသော အချက်ဖြစ်ပါကြောင်း" ဖော်ပြထားသည်။

အာဆီယံထိပ်သီးအစည်းအဝေးမစတင်မီ အချိန်ပိုင်းအထိ ဘေးတီး၊ သွေးထိုး၊ သပ်လျှိုနေသော မလိုတမာ အသံများသည် ၎င်းတို့ထင်သလို မဖြစ်၊ အာဆီယံကိုမထိုးဖောက်၊ မဖြိုခွဲနိုင်မှန်း သိသွားကြသည်။ အာဆီယံသည် နှစ်ပေါင်းသုံးဆယ်ကျော် ကျင့်သုံးခဲ့သော အသင်းဝင်နိုင်ငံတို့၏ ပြည်တွင်းရေးဝင်မစွက်ဟူသော ကျင့်စဉ်ကို ဆက်လက်၍ အခိုင်အမာကျင့်သုံးနေသည်ကိုလည်း သိသွားကြပေပြီ၊ အာဆီယံနိုင်ငံများ၊ ခေါင်းဆောင်များအပေါ် အနောက်ပါးစပ်များက ပြစ်တင်၊ ဝေဖန်လာကြပြန်သည်။

မြန်မာနိုင်ငံအရေးသည် မြန်မာနိုင်ငံ၌ တရားဝင်နေထိုင်လျက်ရှိသော မြန်မာတို့၏အရေးဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင် အဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂအဖွဲ့ကြီးကိုပင် အခွင့်ပေးမထားဟု အတိအလင်းဖော်ပြထားသည်။ မြန်မာ့လွတ်လပ်ရေး မြန်မာတို့တိုက်ယူခဲ့သည်။ မြန်မာပြည်ထောင်စုနှင့် မြန်မာ့အချုပ်အခြာအာဏာ (လွတ်လပ်ရေး)ကို မြန်မာတို့ပင်စောင့်ရှောက်ကာကွယ်နေရသည်။ မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းရေးနှင့်မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာတို့ပင် ဥစ္စာရှင်လို ဥစ္စာရှင်ခဲ လုပ်ဆောင်ကြိုးပမ်းကြရသည်။ မြန်မာနိုင်ငံတွင် မုချလိုအပ်သော အခြေခံဥပဒေသစ် ပေါ်ထွန်းရေး၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးကိုလည်း မြန်မာ့အမြင်၊ မြန်မာ့ဆန္ဒ၊ မြန်မာ့ကြိုးပမ်းမှုဖြင့်သာ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခါတန်ချိန်သင့်ပြီဖြစ်၍ လမ်းခင်းညွှန်ပြပေးသော ဒီမိုကရေစီ လမ်းကြောင်းပြမြေပုံ(ဝါ)နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ်သည် မြန်မာ့သမိုင်းအတွေ့အကြုံ မြန်မာ့ပကတိအခြေအနေနှင့်လိုက်ဖက်သည်။ ထို Road Map ကို အာဆီယံနိုင်ငံအားလုံး၊ မိတ်ကောင်းဆွေကောင်း နိုင်ငံအားလုံး၊ သမာသမတ်ရှုမြင်သုံးသပ်သော ကမ္ဘာ့နိုင်ငံအများစုက လျော်ကန်သင့်မြတ်သည်ဟု သဘောပေါက်ထောက်ခံလျက်ရှိသည်။ မြန်မာပြည်သူတို့၏ ထောက်ခံမှုအား အထူးအကျယ်ချဲ့ပြောစရာမလို။ ပြည်နယ်၊ တိုင်းဒေသများ၌ ၂၀-၉-၂၀၀၃ ရက်နေ့မှ စတင်ပြီး ခြိမ့်ခြိမ့်သဲကျင်းပသော ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးများက တစ်ခဲနက် ထောက်ခံပြနေကြကြောင်းပါ ခင်ဗျား။ ။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စားနပ်ရိက္ခာ ထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ကမ္ဘာ့လူသားများအားလုံးအတွက် လိုအပ်နေသည့် စားနပ်ရိက္ခာ ပြည့်စုံဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှု ဘေးဒုက္ခမှကင်းဝေးရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မိမိနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်လျော်ညီစွာ နိုင်ငံတကာနှင့် လက်တွဲပေါင်းစပ်၍သော်လည်းကောင်း တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုကြောင်း။

အားလုံးပိုင်ဆိုင်ထား

ယနေ့ကမ္ဘာကြီးတွင် ကမ္ဘာ့လူသားများအားလုံးအတွက် ပြည့်စုံလုံလောက်သော စားနပ်ရိက္ခာများကို သဘာဝတရားက ဖန်တီးပေးထားသကဲ့သို့ သဘာဝတရားက ဖန်တီးပေးထားသည့် စားနပ်ရိက္ခာများကို လူသားအားလုံးအတွက် ပြည့်ဖူလုံစွာ ထုတ်ယူသုံးစွဲနိုင်သည့် အသိပညာ၊ အတတ်ပညာများကိုလည်း ကမ္ဘာ့လူသားများအားလုံးက ပိုင်ဆိုင်ထားကြပြီးဖြစ်ကြောင်း။

သို့သော်လည်း ယနေ့ကမ္ဘာကြီးတွင် လူသားသန်းပေါင်း ၆၀၀၀ ကျော်ရှိသည့်အနက် လူသားသန်းပေါင်း ၈၄၀ခန့်သည် စားနပ်ရိက္ခာဖူလုံမှုမရှိသည့်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိုးပေါ်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု ပထမဆုရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးလှဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အခြေအနေကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ယခုကဲ့သို့ မျှမတ အခြေအနေကြောင် ကမ္ဘာ့နိုင်ငံများအကြား ကမ္ဘာ့လူသားများအားလုံး၏ အကျိုးစီးပွားအတွက် ဖြိုးဝသော စေတနာစိတ်ဖြင့် တန်းတူရည်တူ မျှမျှတတဖြစ်အောင် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်အလို့ငှာ ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှု၊ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းဆောင်ရွက်နိုင်သည့် အခြေအနေနှင့် အခွင့်အလမ်းကွာဟမှုတို့ တဖြည်းဖြည်း ကျဉ်းမြောင်းပပျောက်သွားအောင် ပူးပေါင်းဆောင်ရွက်ကြရန်၊ အချင်းချင်း ရိုင်းပင်းကြရန် လိုအပ်နေသေးသည်ဆိုသည်ကို ပေါ်လွင်ထင်ရှားစေလျက်ရှိနေပြီဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်မှုလို

ထိုပြင် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများ၏ ဘေးထွက်ဆိုးကျိုးများ ပေါ်ပေါက်လာမှုများကြောင့် စားနပ်ရိက္ခာထုတ်လုပ်ရာတွင် လူသားများအတွက် ဘေးဥပဒ်ကင်းစင်သည့် စားနပ်ရိက္ခာများဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရန်၊ ဇီဝနှင့် ရုက္ခ မျိုးတုံးပျောက်ကွယ်မှုများ၊ ဂေဟစနစ်ပျက်ယွင်းမှုများ မဖြစ်ပေါ်စေရန်၊ ရာသီဥတု ယိုယွင်းဖောက်ပြန်မှုများ မဖြစ်ပေါ်စေရန် နိုင်ငံတိုင်းက အလေးထား ဆောင်ရွက်နေရသည့် အခြေအနေအချိန်အခါမျိုးတွင် ကမ္ဘာ့နိုင်ငံအသီးသီးအကြား ပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှုများသည် ပို၍ပင် လိုအပ်နေပြီဟု ပြောကြားလိုကြောင်း။

ယခုကဲ့သို့ အခြေအနေ၊ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအတွက်သာမက စားနပ်ရိက္ခာ မလုံလောက်ဖြစ်နေသော ကမ္ဘာ့နိုင်ငံများအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်စေရန် အလို့ငှာ စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်နေသည့်ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပြည့်စုံဖူလုံရေးအတွက် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံအဖြစ် သမိုင်းအစဉ်အဆက် ရပ်တည်လာခဲ့ပြီး ပြည်တွင်းမှာ စားနပ်ရိက္ခာ ပြည့်စုံဖူလုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

မဟာဗျူဟာမြောက်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖြည့်ဆည်းပေးရေးသာမက နိုင်ငံသူ နိုင်ငံသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ပါ ဖန်တီးဖော်ဆောင်ပေးနေသည့် မဟာဗျူဟာမြောက် စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် လယ်ယာကဏ္ဍနှင့် ဆက်နွှယ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကျေးလက်စီးပွားရေး တိုးတက်ဖြစ်ထွန်းအောင် အားပေးဆောင်ရွက်ရင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး အစီအမံများကို စနစ်တကျချမှတ်ပြီး ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းများ အစဉ်တစိုက်တိုးတက်စေရန်၊ မြေယာသစ်များ ရှာဖွေဖော်ထုတ် တိုးချဲ့စိုက်ပျိုးနိုင်စေရန် ကုန်ထုတ်စွမ်းအားစုများ စနစ်တကျ ခွဲဝေစီမံဆောင်ရွက်နိုင်စေရန်၊ ပြည်ပဈေးကွက်တွင် လယ်ယာထွက်ကုန်များ အောင်မြင်စွာ ယှဉ်ပြိုင်ရောင်းချနိုင်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုအစီအမံများကို နိုင်ငံတော်အစိုးရက စနစ်တကျ စီမံအားပေးဆောင်ရွက်လျက်ရှိကြောင်း။

ကိုယ့်အားကိုယ်ကိုးတည်ဆောက်

စိုက်ပျိုးရေးတွင် ပဓာနကျသည့် စိုက်ပျိုးရေ ပြည့်ဝလုံလောက်စွာ ရရှိရေးနှင့် ရာသီမရွေး ရေသွင်းစိုက်ပျိုးနိုင်ရေးတို့အတွက် ၁၉၈၈ခုနှစ် နောက်ပိုင်းကာလတွင် မြစ်ရေတင်စီမံကိန်း ၂၆၃ခု၊ မြေအောက်ရေရရှိရေး စီမံကိန်း ၇၄၀၀ကျော်နှင့် အကြီးစားနှင့် အလတ်စား ဆည်မြောင်းတာတမံပေါင်း ၁၅၂ခုတို့ကို နိုင်ငံတကာ၏အကူအညီ လုံးဝမပါဘဲ နိုင်ငံတော်အစိုးရက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ စိုက်ပျိုးရေရရှိရန် စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် ရေသွင်းစိုက်ပျိုးနိုင်သည့် မြေဧရိယာမှာ ငါးသန်းကျော် တိုးပွားလာခဲ့ပြီး ယနေ့ဆိုလျှင် အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာမှာ ၂၆ သန်းကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကဖြစ်ပြီး ကျေးလက်ဒေသ၏ ပင်မစီးပွားရေးလုပ်ငန်းလည်း ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် ပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုသည် ပိုမိုတိုးတက်မြင့်မားလာမည်ဟု တွက်ချက်ရနိုင်ကြောင်း။

သားငါးကဏ္ဍဖွံ့ဖြိုး

အလားတူပင် လယ်ယာကဏ္ဍနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် သားငါးကဏ္ဍသည်လည်း နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုနှင့်အတူ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရကြောင်း။

သားငါးမျိုးကောင်းမျိုးသန်များ တိုးတက်ဖြစ်ဖြိုးရန်၊ သားငါးပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ တစ်ခိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ် မွေးမြူရေး ဖြစ်ထွန်းလာစေရန်ကို နိုင်ငံတော်အစိုးရက အထူးအလေးထား အားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှုတွင် ၁၉၈၈ခုနှစ်က တန်ချိန် ခုနစ်သိန်းနီးပါးသာ ထုတ်လုပ်နိုင်ခဲ့ရာက ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်တွင် တန်ချိန် တစ်သန်းခွဲကျော် ထုတ်လုပ်နိုင်နေပြီဖြစ်သည့်အပြင် အသားထုတ်လုပ်မှုတွင်လည်း ၁၉၈၈ခုနှစ်ကနှင့် နှိုင်းစာကြည့်လျှင် သုံးဆခန့် တိုးတက်ထုတ်လုပ်နိုင်နေပြီဖြစ်ခြင်းကြောင့် သားငါးကဏ္ဍသည် ၁၉၉၆-၉၇ ဘဏ္ဍာနှစ်ကစတင်ပြီး ယနေ့တိုင် နှစ်စဉ်ပျမ်းမျှ ၁၂ရာခိုင်နှုန်းကျော် မှန်မှန်ကြီး တိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း။

ငါးပုစွန် မျိုးမပြုန်းရေး

သို့သော်လည်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၌ ငါးပုစွန် မျိုးမပြုန်းတီးစေရေး၊ ဇီဝဆိုင်ရာ ဂေဟစနစ် မပျက်စီးစေရေးတို့အတွက် နိုင်ငံတော်အစိုးရက စနစ်တကျ ထိန်းသိမ်းကြိုးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူပင် သစ်တောကဏ္ဍ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေမြေသဘာဝရာသီဥတု ညီညွတ်မျှတစေရေး၊ ရုက္ခမျိုးကွဲ၊ ဇီဝမျိုးကွဲများနှင့် ဂေဟစနစ်တို့တည်တံ့စေရေးဦးတည်ပြီး သစ်ထုတ်လုပ်ရာတွင် အစဉ်အမြဲ ထုတ်ယူနိုင်မည့် တာဝရ တောထွက်(Sustained Yield)ရရှိစေရန် ထိန်းသိမ်းထုတ်လုပ်လျက်ရှိကြောင်း။

ထို့ပြင် သစ်တောထိန်းသိမ်းပြုစု ပျိုးထောင်မှု၊ သဘာဝနယ်မြေများ သတ်မှတ်ကာကွယ်မှု၊ သစ်တောစိုက်ခင်းများပျိုးထောင်မှု၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းမှု စသည့် သစ်တောဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည့်အပြင် သစ်တော စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းကြီးကိုပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိထားပြီး ဖြစ်သည့်အတွက် အောင်မြင်ဖြစ်ထွန်းနေသည်ကိုလည်း တွေ့ရမှာဖြစ်ကြောင်း။

စိမ်းလန်းစိုပြည်ရေး

အထူးသဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် အပူပိုင်းဒေသများ မြေအစိုဓာတ်ရရှိပြီး ရာသီဥတု ညီညွတ်မျှတမှု၊ စိမ်းလန်းစိုပြည်မှု အကျိုးရလဒ်ကောင်းများ စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ အဘက်ဘက်က စနစ်တကျ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအတွက် စားနပ်ရိက္ခာ ပြည့်စုံဖူလုံပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ စွမ်းဆောင်ပေးနိုင်နေပြီ ဖြစ်သည့်အပြင် ငြိမ်းချမ်းသာယာပြီး ရေမြေသဘာဝ ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်း၊ အခြေခံကောင်းများကို ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးနိုင်နေပြီလည်းဖြစ်ကြောင်း။

နိုင်ငံတကာမျက်နှာစာ၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ မိသားစုဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်... အထိမ်းအမှတ် အခမ်းအနားသို့ တ...

ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးစသည့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်နေပြီလည်းဖြစ်ကြောင်း။

ကူညီပေးမဆက်ဆံ

ယနေ့အချိန်အခါတွင် လူသားအားလုံးအတွက် စိတ်အေးချမ်းမြေ့ဖွယ် မိုတင်းနေထိုင်ရာဖြစ်သည့် တည်ငြိမ်အေးချမ်းသာယာပြီး ညီညွတ်မျှတသော ကမ္ဘာကြီးပေါ်ထွန်းလာစေရေးတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ၊ နေ့အင်အားနှင့် နည်းပညာသာလွန်သည့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မျှတစွာ ကူညီပေးမဆက်ဆံမှုများ အထူးလိုအပ်လျက်ရှိကြောင်း။

သို့မှသာ ကမ္ဘာ့လူသားများအကြား ဆင်းရဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုများ၊ ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ခွဲခြားဆက်ဆံမှုများက ပေါ်ပေါက်လာသည့် မျှတမှုများ ကွယ်ပျောက်ပြီး စားနပ်ရိက္ခာ ပြည့်စုံဖူလုံသော ကမ္ဘာကြီး၊ လူ့တန်ဖိုး လူ့သိက္ခာအပြည့်အဝရှိသော ကမ္ဘာကြီး၊ ကမ္ဘာ့လူသားများအကြား၊ ကမ္ဘာ့နိုင်ငံအသီးသီးအကြား တန်းတူညီမျှမှု၊ ညီညွတ်မျှတမှုဖြင့် သာယာတင့်တယ်သော ကမ္ဘာကြီးပေါ်ထွန်းလာမှာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယခုလတ်တလော အခြေအနေတွင် Globalizationဆိုသည့် ရည်မှန်းချက်သည် ချမ်းသာသောနိုင်ငံကြီးများ၊ နည်းပညာသာလွန်သော နိုင်ငံများ အတွက်သာ အကျိုးဖြစ်ထွန်းလျက်ရှိပြီး ဆင်းရဲသော၊ ဖွံ့ဖြိုးမှုနောက်ကျသော၊

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကျွန်းအထူးစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်မြို့နယ်ဆု ပထမရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ် ဘော်ဘင်ကြီးပိုင်း ကျွန်းအထူးစိုက်ခင်းဧက ၅၀၀ ကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နည်းပညာအားနည်းသော နိုင်ငံများအတွက် ပို၍ပင် ဖွံ့ဖြိုးမှုနောက်ကျစေပြီး ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှုများ ပိုမိုဖြစ်ထွန်းစေလျက်ရှိသကဲ့သို့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှုဆိုသည်တို့မှာလည်း အားနည်းနေသေးသည်ကို ကြုံတွေ့နေရဆဲဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်နှင့်အညီ ငတ်မွတ်ခေါင်းပါးမှု ကင်းစင်သော ကမ္ဘာကြီး ဖြစ်ထွန်းလာစေရေးအတွက် ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲညီညီ ပူးပေါင်းကြိုးပမ်း စွမ်းဆောင်နိုင်ကြပါစေ၊ ကမ္ဘာ့လူသားများအားလုံး အခြေခံလူ့အခွင့်အရေး ဖြစ်သည့် စားနပ်ရိက္ခာ ပြည့်စုံဖူလုံမှု အကျိုးရလဒ်ကောင်းများကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေးအတွက် ကမ္ဘာ့နိုင်ငံများအားလုံးအကြား အပြုသဘော သက်ရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး တိုးတက်ဖြစ်ထွန်း ပါစေဟု ဆန္ဒပြုကြောင်း ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Jacques Diouf ၏ သဝဏ်လွှာကို ကမ္ဘာ့ကုလသမဂ္ဂ

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ...
Mr. Tang Zhengping က ဖတ်ကြ...

ယင်းနောက် ၂၀၀၃ခုနှစ် ...
မှတ်တမ်းတင် ဗီဒီယိုပြသပြီး အစီအ...

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်...
သည့်သည့်တော်များသည် အပြည်ပြည်...
အဆောက်အအုံနန်းမဥ္ဇ ခင်းကျင်းပြသ...
နေ့ အထိမ်းအမှတ် ပြကွင်းပြကွက်မ...

ဆုများ...

ယင်းနောက် ၂၀၀၃ခုနှစ် က...
စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး...
ထူးချွန်ဆုများ ချီးမြှင့်ခြင်းအစီအစဉ်...
စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန...
စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆု...
ဟသ်္သာတမြို့နယ်၊ ဒုတိယဆုရရှိသော...
တတိယဆုရရှိသော ရန်ကုန်တိုင်း ကျေ...
မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်...
ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦ...
တိုင်း ပုလောမြို့နယ်မှ ဦးအေးကြွယ်နှ...
မြောက်ဦးမြို့နယ်မှ ဦးထွန်းစံကျော်တို...
ထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုတွင် ပထမ...
မြို့နယ်၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်...
ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်တို့အ...
ထုတ်လုပ်မှု ထူးချွန်တောင်သူဆုတွင် ...
မြောင်းမြမြို့နယ်မှ ဦးတင်ဖေ၊ ဒုတိယ...
နှစ်ခမ်းမြို့နယ်မှ ဦးကန်ခမ်းနှင့် တတိယ...
ဦးအောင်ဆန်းတို့အားလည်းကောင်း...

ဆက်လက်၍ မွေးမြူရေးနှင့် ရေ...
မောင်မောင်သိမ်းက ရေချိုငါး မွေးမြူ...
ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးသန်း...
ဦးမြင့်ဝေတို့အားလည်းကောင်း၊ လှော...
ရရှိသော ရေဝေတီတိုင်း ပုသိမ်မြို့နယ်...
ရေချိုငါးသားပေါက်ထုတ်လုပ်မှု ထူးချွန်...
မှ ရေဝေတီ ခေတ်မီငါးသားပေါက်လုပ်...
ထုတ်လုပ်မှု ထူးချွန်ဆုရရှိသော တနင်္သ...
ကုမ္ပဏီအားလည်းကောင်း၊ ရေငန်ငါး...
တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ...
ရေချိုပုစွန် မွေးမြူထုတ်လုပ်မှုထူးချွန်...
မြို့နယ်မှ ဦးရှန်ကြည်အားလည်းကော...
ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း အလ...
ကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ကျွန်းအထူး...

ယင်းနောက် သစ်တောရေးရာဝန်...
က ကျွန်းအထူးစိုက်ခင်း တည်ထောင...
မြို့နယ်ဆုတွင် ပထမဆုရရှိသော ပဲခူ...
ဘော်ဘင်ကြီးပိုင်းမှ ကျွန်းအထူးစိုက်...
ပဲခူးတိုင်း(အရှေ့ပိုင်း)ဖြူးမြို့နယ် ...
ဧက ၅၀၀၊ တတိယဆုရရှိသော မန္တလေ...
ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀နှ...
ဆောမြို့နယ် ကျောက်စစ်ကြိုးပိုင်းမှ ...
ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ...
မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် M...
စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆ...
အားလည်းကောင်း၊ မြေပဲစိုက်ပျိုးထုတ်...
ပဲခူးတိုင်း(အရှေ့ပိုင်း) ရွှေကျင်မြို့နယ...
နှမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ...
မြို့နယ်အားလည်းကောင်း၊ နှမ်းစိုက်ပျိုး...
ရေဝေတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်...
စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ဖတ်ကြားသည်။

ယင်းနောက် ၂၀၀၃ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် မှတ်တမ်းတင် ဗီဒီယိုပြသပြီး အစီအစဉ်ပထမပိုင်းကို ခေတ္တရပ်နားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံခန်းမ၌ ခင်းကျင်းပြသထားသော ၂၀၀၃ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ပြကွင်းပြကွက်များကို ကြည့်ရှုကြသည်။

ဆုများချီးမြှင့်

ယင်းနောက် ၂၀၀၃ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများအတွက် ထူးချွန်ဆုများ ချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုတွင် ပထမဆုရရှိသော ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်၊ ဒုတိယဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း) ဖြူးမြို့နယ်၊ တတိယဆုရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်တို့အားလည်းကောင်း၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးလှဝင်း၊ ဒုတိယဆုရရှိသော တနင်္သာရီတိုင်း ပုလောမြို့နယ်မှ ဦးအေးကြွယ်နှင့် တတိယဆုရရှိသော ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မှ ဦးထွန်းစံကျော်တို့အားလည်းကောင်း၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုတွင် ပထမဆုရရှိသော ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်နှင့် တတိယဆုရရှိသော ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်တို့အား လည်းကောင်း၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုတွင် ပထမဆုရရှိသော ဧရာဝတီတိုင်း မြောင်းမြမြို့နယ်မှ ဦးတင်ဖေ၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ဦးကန့်ခမ်းနှင့် တတိယဆုရရှိသော မွန်ပြည်နယ် မုဒုံမြို့နယ်မှ ဦးအောင်ဆန်းတို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေချိုငါး မွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိကြသော ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးသန်းလွင်နှင့် မန္တလေးတိုင်း အမရပူရမြို့နယ်မှ ဦးမြင့်ဝေတို့အားလည်းကောင်း၊ လှောင်အိမ်ဖြင့် ရေချိုငါးမွေးမြူမှု ထူးချွန်ဆုရရှိသော ဧရာဝတီတိုင်း ပုသိမ်မြို့နယ်မှ ယုဇနကုမ္ပဏီအား လည်းကောင်း၊ ရေချိုငါးသားပေါက်ထုတ်လုပ်မှု ထူးချွန်ဆု ရရှိသော ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဧရာဝတီ ခေတ်မီငါးသားပေါက်လုပ်ငန်းအားလည်းကောင်း၊ ရေငန်ငါးမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသော တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်မှ ပြည့်ဖြိုးထွန်းကုမ္ပဏီအားလည်းကောင်း၊ ရေငန်ငါး ဖမ်းဆီးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော တနင်္သာရီတိုင်း ကော့သောင်မြို့နယ်မှ သီတာကုမ္ပဏီအား လည်းကောင်း၊ ရေချိုပုစွန် မွေးမြူထုတ်လုပ်မှုထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်မှ ဦးရှန်ကြည်အားလည်းကောင်း၊ ရေချိုပုစွန်သားပေါက် ထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဘီတီဘီ ကုမ္ပဏီအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ကျွန်းအထူးစိုက်ခင်းဆု

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကျွန်းအထူးစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်မြို့နယ်ဆုတွင် ပထမဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ် ဘော်ဘင်ကြိုးဝိုင်းမှ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀၊ ဒုတိယဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း)ဖြူးမြို့နယ် ဖြူးကွန်းကြိုးပြင်မှ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀၊ တတိယဆုရရှိသော မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကိုင်းကြိုးဝိုင်းမှ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀နှင့် နှစ်သိမ့်ဆုရရှိသော မကွေးတိုင်း ဆောမြို့နယ် ကျောက်စစ်ကြိုးဝိုင်းမှ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က မြေပဲ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်အားလည်းကောင်း၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း) ရွှေကျင်မြို့နယ်မှ ဦးအောင်စိုးအားလည်းကောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော မကွေးတိုင်း နတ်မောက်မြို့နယ်အားလည်းကောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဦးမြစိုးအားလည်းကောင်း၊ နေကြာ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အားလည်းကောင်း၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု ရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးခင်ညိမ်းအားလည်းကောင်း၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ်အားလည်းကောင်း၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ်မှ ဦးညွန့်တင်အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

စိုက်ပျိုးမှုထွန်းချွန်ဆုများ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော ရန်ကုန်တိုင်း သုံးခွမြို့နယ်အားလည်းကောင်း၊ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးအေးဟန်အားလည်းကောင်း၊ ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော မန္တလေးတိုင်း မလှိုင်မြို့နယ်အားလည်းကောင်း၊ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော မန္တလေးတိုင်း မလှိုင်မြို့နယ်မှ ဦးကြည်အောင်အားလည်းကောင်း၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ် ပထမဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်းတယမြို့နယ်၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်လောင်းမြို့နယ်၊ တတိယဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်တို့အားလည်းကောင်း၊ လက်ဖက်ခင်းအသစ် အများဆုံးစိုက်ပျိုးသည့် ထူးချွန်မြို့နယ် ပထမဆုရရှိသော ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ဒုတိယဆုရရှိသော ချင်းပြည်နယ် မင်းတပ်မြို့နယ်၊ တတိယဆုရရှိသော ချင်းပြည်နယ် ဖလမ်းမြို့နယ်တို့အားလည်းကောင်း၊ လက်ဖက်ခင်းအသစ် အများဆုံး စိုက်ပျိုးမှု ထူးချွန်တောင်သူဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ ဦးအောင်လွင်အားလည်းကောင်း၊ သီးနှံစွမ်းအားထူးချွန်ဆု (ပြည်နယ်/တိုင်း)တွင် ပထမဆုရရှိသော မကွေးတိုင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း၊ တတိယဆုရရှိသော ဧရာဝတီတိုင်းတို့အား လည်းကောင်း၊ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ် ပထမဆုရရှိသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း မြစ်သားမြို့နယ်၊ တတိယဆုရရှိသော မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တို့အား လည်းကောင်း၊ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ ပထမဆုရရှိသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှ ဦးရွှေမန်း၊ ဒုတိယဆု ရရှိသော မန္တလေးတိုင်း ရမည်းသင်းမြို့နယ်မှ ဦးထွန်းသာနှင့် တတိယဆုရရှိသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှ ဦးကျော်တင့်တို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

မွေးမြူထုတ်လုပ်မှုဆုများ

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းက ရေငန်ပုစွန် မွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ဧရာဝတီတိုင်း ပုသိမ်မြို့နယ်မှ ရွှေမိသားစုကုမ္ပဏီအားလည်းကောင်း၊ ရေငန်ပုစွန် သားပေါက် ထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပုလဲနဒီကုမ္ပဏီအားလည်းကောင်း၊ တန်ဖိုးမြင့်အမျိုးအစားသစ် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှု ထူးချွန်ဆုရရှိသော တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်မှ အဆောင်ကောင်းကုမ္ပဏီအားလည်းကောင်း၊ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆု ရရှိသော စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

(ပုံမှန်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်မှ မင်းဇာနည်ကုမ္ပဏီလီမိတက်အားလည်းကောင်း၊ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု (နယ်စပ်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်မှ ကျော်ကျော်သိန်း ကုမ္ပဏီအားလည်းကောင်း၊ မိရိုးဖလာ နည်းပညာဖြင့် ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှု (ပုံမှန်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ အင်တာနေရှင်နယ် စီတီထရိတ် ကုမ္ပဏီအားလည်းကောင်း၊ မိရိုးဖလာနည်းပညာသစ် (နယ်စပ်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း လှိုင်မြို့နယ်မှ နမ်းယန်းကုမ္ပဏီအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်က အကောင်းဆုံးသီးနှံသစ်တော ရောနှောစိုက်ခင်း(ကျွန်းအထူး) ထူးချွန်တောင်သူဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ် ဘော်ကြိုကြိုးဝိုင်းမှ ဦးညွန့်ဝင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်းမှ ဦးသန်းအေး၊ မကွေးတိုင်း ဆောမြို့နယ် ကျောက်စစ်ကြိုးဝိုင်းမှ ဦးဟန်စိုး၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကိုင်းကြိုးဝိုင်းမှ ဦးတင်ခ၊ ဧရာဝတီတိုင်း ကြံခင်းမြို့နယ် မျှင်ဝါးကြိုးဝိုင်းမှ ဦးရဲအောင်၊ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စပယ်နှံ့သာကြိုးဝိုင်းမှ ဒေါ်ညီနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မဟူရာကြိုးဝိုင်းမှ ဦးလူတော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က သုတေသန (စိုက်ပျိုးရေးသိပ္ပံပညာရပ်)ထူးချွန်ဆုရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဦးစိုးမြင့်နှင့် ဒေါ်သန်းသန်းစိုးတို့အားလည်းကောင်း၊ သုတေသန(သစ်တောသိပ္ပံပညာရပ်) ထူးချွန်ဆုရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဦးမင်းသန့်ဇင်၊ ဦးနိုင်ဇော်ထွန်း၊ ဦးမောင်မောင်အေး၊ ဒေါ်ခင်ငြိမ်းချမ်းဝင်းနှင့် မချောချောစိန်တို့အားလည်းကောင်း၊ သုတေသန(မွေးမြူရေးနှင့် ရေလုပ်ငန်းသိပ္ပံပညာရပ်) ထူးချွန်ဆုရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့မှ ဒေါက်တာရဲထွန်းဝင်းနှင့် ဒေါက်တာအောင်သန်းတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

မွေးမြူရေးဆုများ

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က တိုင်းရင်းကြက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ထူးချွန်မြို့နယ် ပထမဆုရ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၊ ဒုတိယဆုရ ပဲခူးတိုင်း (အရှေ့ပိုင်း) ကဝမြို့နယ်နှင့် တတိယဆုရ ကရင်ပြည်နယ် ဘားအံမြို့နယ်တို့အား လည်းကောင်း၊ တိုင်းရင်းကြက်ကောင်ရေ ၅၀၀နှင့်အထက် မွေးမြူမှုထူးချွန်ဆုရ မကွေးတိုင်း မကွေးမြို့နယ်မှ ဦးတင်ထွေးနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်မှ ဦးစောသိုးမားတို့အားလည်းကောင်း၊ ဝက်ကောင်ရေ အများဆုံး မွေးမြူသူ ထူးချွန်ဆု ပထမဆုရ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်မှ ဦးစိုင်းလုံ၊ ဒုတိယဆုရ ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့နယ်မှ ဦးဌေးလွင်နှင့် တတိယဆုရ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်မှ ဦးအောင်မြင့်ဦးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက မြန်မာ့ဓာတ်အလုငါး ပြည်ပတင်ပို့မှု ထူးချွန်ဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဟိန်းအလုပြ ငါးကုမ္ပဏီလီမိတက်အားလည်းကောင်း၊ သားငါးတွဲဖက်မွေးမြူမှု ထူးချွန်ဆုရ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဥတို-ကြာအင်း စိုက်ပျိုးမွေးမြူရေး စခန်းအားလည်းကောင်း၊ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ထူးချွန်ကျေးရွာ ပထမဆုရ မန္တလေးတိုင်း တံတားဦးမြို့နယ်မှ တပယ်ကျေးရွာ၊ ဒုတိယဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ ကုလားကုန်းကျေးရွာနှင့် တတိယဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ သဲဝါကျေးရွာတို့အား လည်းကောင်း၊ နွားနောက် အများဆုံး မွေးမြူမှုထူးချွန်ဆုရ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ ဦးထန်ဟရိမ်းအားလည်းကောင်း၊ ကာကွယ်ဆေး ထုတ်လုပ်မှု ထူးချွန်ဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အထက်မြန်မာပြည် ဓာတ်ခွဲခန်းတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဝါစိုက်ပျိုးမှုဆု

ဆက်လက်၍ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိမ်းဌေးက မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ် ပထမဆုရ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်၊ ဒုတိယဆုရ မကွေးတိုင်း အောင်လံမြို့နယ်နှင့် တတိယဆုရ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်တို့အားလည်းကောင်း၊ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ ပထမဆုရ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်မှ ဦးကံတင်၊ ဒုတိယဆုရ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်မှ ဦးရင်သွေးနှင့် တတိယဆုရ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်မှ ဦးဖိုးနီတို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ် ပထမဆုရ ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူမြို့နယ်၊ ဒုတိယဆုရ ပဲခူးတိုင်း(အရှေ့ပိုင်း) ဖြူးမြို့နယ်နှင့် တတိယဆုရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တို့အားလည်းကောင်း၊ ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ ပထမဆုရ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ ဦးစံရ၊ ဒုတိယဆုရ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ်မှ ဦးဉာဏ်ဝင်းနှင့် တတိယဆုရ မကွေးတိုင်း အောင်လံမြို့နယ်မှ ဦးကျော်ဝင်းတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြား

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❀

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၀၃ (သောကြာနေ့)

၁၃၆၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ဂုဏ်(အဖိတ်နေ့)

နံနက်ပိုင်း၊

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ မင်းလှရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English For Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း၊

- ၃:၂၀ ၁။ **၂၀၀၃ခုနှစ်(၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်း)**
- ၅:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၆:၀၀ ၅။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၆:၁၅ ၆။ Discovery.
- ၆:၃၀ ၇။ ညနေခင်းသတင်း
- ၇:၀၀ ၈။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၉။ Milo Success In Soccer.
- ၇:၁၀ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၇:၂၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၇:၃၅ ၁၂။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်ချက်များ (လားရှိုးခရိုင်)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ၂၀၀၃ခုနှစ် ဧကာဒသမအကြိမ်(၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ
- ၁၇။ **သံမဏိနှလုံးသားမှ စီးဆင်းလာသော စမ်းရေများ (ဝေဠုကျော်၊မင်းဟိဏ်း၊ ယမင်းကိုကို၊နဝရတ်) (ဒါရိုက်တာ- မောင်မောင်မြင့်)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲ အစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့ ဆက်လက်ကျင်းပသည်။

ထိုကဲ့သို့ကျင်းပရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းဝိုင်းကြီး(အဖွဲ့လိုက်)ပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ တယောပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘောဇဇာတ်ရုံ၌လည်းကောင်း စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါစွာဖြင့် ဆက်လက်ကျင်းပသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်

မှ မအေးအေးထွေး၊ ရှမ်းပြည်နယ်မှ မဇာဇာယမင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဖြင့် မွန်ပြည်နယ်မှ မအေးမင်းစိုး၊ ရခိုင်ပြည်နယ်မှ မခင်မိမိမိုး၊ စစ်ကိုင်းတိုင်းမှ မခင်ချစ်စုမာ၊ တနင်္သာရီတိုင်းမှ မောင်ဇော်ထွန်းသောင်း၊ ပဲခူးတိုင်းမှ မောင်စည်သူအောင်၊ မန္တလေးတိုင်းမှ မောင်ဇော်မင်းဦး၊ မန္တလေးတိုင်းမှ မောင်ဝါဆိုချမ်းမြေ့၊ ရန်ကုန်တိုင်းမှ မမူမူဆွေ၊ ရန်ကုန်တိုင်းမှ မောင်အောင်နိုင်ထွန်းနှင့်ဧရာဝတီတိုင်းမှ မောင်လင်းထွဋ်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

သီချင်းစာသားရေး တေးသွားထည့် ပြိုင်ပွဲကို အရေးအကဲဖြတ် ခေါင်းဆောင် ဗိုလ်ကလေးဦးတင့်အောင်က ကြပ်မတ်ဆောင်ရွက်ပေးသည်။

ဗိုလ်ဗိုလ်သိန်းနှင့် အဖွဲ့၊ ပဲခူးတိုင်းမှ ဦးနိုင်မိုးနှင့် အဖွဲ့နှင့် မွန်ပြည်နယ်မှ ဗိုလ်ဝင်းသူနှင့်အဖွဲ့တို့ ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့်အမျိုးသားဆိုင်းဝိုင်း (အဖွဲ့လိုက်)ပြိုင်ပွဲတွင် ဗဟိုအကဲဖြတ် အဖွဲ့ဝင် ဦးစိန်ညွန့်လှိုင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်အမှတ်ပေးကြသည်။

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏အတီးပြိုင်ပွဲကို ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသည်။

မွန်ပြည်နယ်မှ မသင်းသင်းယုအောင်နှင့် မန္တလေးတိုင်းမှ မရတနာစွမ်းထက်ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် (၁၀-၁၅)နှစ် (အမျိုးသား)တယောပြိုင်ပွဲတွင် မေတ္တာဂုဏ် (ခေတ်ဟောင်းကာလပေါ်) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ ရန်ကုန်တိုင်းမှ မောင်သန်းထိုက်အောင်၊ ကယားပြည်နယ်မှ စောကလိုထူးဒို၊ မန္တလေးတိုင်းမှ မောင်ရန်နိုင်အောင်၊ ကချင်ပြည်နယ်မှ မောင်နေလင်းစိုးနှင့် ရန်ကုန်တိုင်းမှ မောင်မင်းသုခတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အားပေး

ယနေ့ကျင်းပသည့် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲများသို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများတက်ရောက်ကြည့်ရှု နားဆင်အားပေးကြသည်။

အဆိုပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင် အနုပညာရှင်များ ပြိုင်ပွဲကိုကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)မဲ့ပူဇာတေး အဆိုပြိုင်ပွဲကို ကျင်းပရာ စိန်ဝေလျှံ ရေးစပ်သီကုံးပြီး တေးသံရှင် စိန်ဂွန်းခင်မေသီဆိုခဲ့သော "မြင်းမိုရ်ပွဲ"သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မသီတာမိုး၊ မကွေးတိုင်းမှ မသွယ်သွယ်အောင်၊ ရန်ကုန်တိုင်းမှ မသဲမြတ်စိုး၊ ဧရာဝတီတိုင်းမှ မဇာဇာထွန်း၊ မွန်ပြည်နယ်မှ မခိုင်ကြည်သင်း၊ စစ်ကိုင်းတိုင်းမှ မငြိမ်းအိကျော်၊မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်၊ ပဲခူးတိုင်းမှ မခင်သူသူဝင်း၊ မန္တလေးတိုင်းမှ မသဲမို့မို့စံ၊ ရန်ကုန်တိုင်းမှ မမူမူဆွေ၊ ကချင်ပြည်နယ်မှ မမျိုးမျိုးဝင်းနှင့် ရှမ်းပြည်နယ်မှ မနွေးနွေးသီရိအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲကျင်းပသည့် အမျိုးသားဇာတ်ရုံ၌ တက်ရောက်ကြည့်ရှုအားပေးစဉ်။ (ကြေးမုံ)

(အမျိုးသား) ခေတ်ဟောင်းကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ကိုသန်းနိုင် ရေးစပ်သီကုံးပြီး တေးသံရှင် ကိုမင်းနောင်သီဆိုသည့် "ပရိယေသန" သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်စွမ်းပြည့်အောင်၊ မကွေးတိုင်းမှ မောင်ပြည့်ဖြိုးပွင့်၊ ပဲခူးတိုင်းမှ မောင်ပြည့်ဖြိုးအောင်၊ တနင်္သာရီတိုင်းမှ မောင်ရန်နိုင်အောင်၊ ချင်းပြည်နယ်မှ မောင်မောင်လတ်၊ ကယားပြည်နယ်မှ မောင်အောင်လင်း၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ဖြိုးကို၊ ရန်ကုန်တိုင်းမှ မောင်ဉာဏ်မင်းထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျှန်ကပ်၊ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်၊ ကရင်ပြည်နယ်မှ မောင်အောင်သူရိန်၊ ဧရာဝတီတိုင်းမှ မောင်ချမ်းငြိမ်း၊ ရန်ကုန်တိုင်းမှ မောင်ရန်လင်းပိုင်၊ မန္တလေးတိုင်းမှ မောင်မိုးဝင်း၊ ရှမ်းပြည်နယ်မှ မောင်ထွန်းမင်းဦးနှင့် ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေ ၄နာရီတွင် တတိယနေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

အကပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်း၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အကပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (အမျိုးသမီး) အကပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ ဒေါ်ဝါဂွမ်းမြင့်စိုး၊ မန္တလေးတိုင်းမှ ဒေါ်မိမိကျော်၊ မွန်ပြည်နယ်မှ မခိုင်သဇင်၊ ပဲခူးတိုင်းမှ ဒေါ်အေးစိုးမိုး၊ စစ်ကိုင်းတိုင်းမှ မကံ့ကော်၊ ရန်ကုန်တိုင်းမှ မဖြိုးဖြိုးလှိုင်၊ ဧရာဝတီတိုင်းမှ ဒေါ်အိခိုင်စိုး၊ ရန်ကုန်တိုင်းမှ မမေနှင်းဝေ၊ ကရင်ပြည်နယ်မှ နော်နွယ်နီလင်း(မြိုင်ကြီးငူ)မကွေးတိုင်း

မွန်းလွဲပိုင်းတွင် အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ချင်းပြည်နယ်မှ မောင်ဖြိုးရာဇာနိုင်၊ မွန်ပြည်နယ်မှ မောင်ဉာဏ်ဝင်း၊ ပဲခူးတိုင်းမှ မောင်ဟန်ဝင်းထွဋ်၊ စစ်ကိုင်းတိုင်းမှ မောင်ပိုင်ထက်အောင်၊မန္တလေးတိုင်းမှ မောင်မင်းပိုင်စေ၊ မကွေးတိုင်းမှ မောင်မိုးဟိန်းကျော်၊ ကယားပြည်နယ်မှ မောင်ပြည်သိန်းကျော်၊ ရှမ်းပြည်နယ်မှ မောင်ဇော်လင်းကို၊ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ဧရာဝတီတိုင်းမှ မောင်စွမ်းပြည့်ထက်၊ မန္တလေးတိုင်းမှ မောင်နေထက်လင်း၊ရခိုင်ပြည်နယ်မှ မောင်လဝန်းထွဋ်၊ ရန်ကုန်တိုင်းမှ မောင်ညီညီဇော်လင်းထက်၊ ကရင်ပြည်နယ်မှ စောထွန်းထွန်းလင်း (မြိုင်ကြီးငူ)နှင့် ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသည်။

အခြေခံပညာအဆင့် (၅-၁၀)နှစ် သီချင်းစာသားရေး တေးသွားထည့် ပြိုင်ပွဲတွင် "မိဘဆရာ ရှိသေပါ" သီချင်းခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မထက်ထက်စိုး၊ မွန်ပြည်နယ်မှ မသုဇင်ဇင်အောင်၊ ပဲခူးတိုင်းမှ မသင်းမြတ်မြတ်စိုး၊ မကွေးတိုင်းမှ မမေသိမ့်ကျော်၊ မန္တလေးတိုင်းမှ မောင်ထွန်းရာဇာဦး၊ မန္တလေးတိုင်းမှ မနန္ဒာထက်ထက်အောင်၊ ရန်ကုန်တိုင်းမှ မအေးမြတ်သူ၊ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန်နှင့် ဧရာဝတီတိုင်းမှ မဆုသက်သဇင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့် ပညာအဆင့် သီချင်းစာသားရေးတေးသွားထည့် ပြိုင်ပွဲတွင် "ပညာရဲရင့်ပွဲလယ်တင့်"သီချင်းခေါင်းစဉ်

အတီးပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ဆိုင်းဝိုင်းကြီး(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်လွင်ကိုကိုဦးနှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်မျိုးသန့်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်အောင်အောင်နှင့် အဖွဲ့တို့ ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဆိုင်းဝိုင်းကြီး(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ဗဟိုအကဲဖြတ်အဖွဲ့ဝင် ဦးစိန်မြင့်ခိုင်နှင့်အဖွဲ့ဝင်များက ကြီးကြပ်အမှတ်ပေးကြပြီး နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့် အမျိုးသားဆိုင်းဝိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဦးကိုကိုဇော်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးရွှေကျည်ဆန်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးမြမြင့်အောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေး ဖိုးဇော်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ပတ္တမြားစတင်နှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးကျော်ဆန်းဝင်းနှင့် အဖွဲ့၊ မန္တလေးတိုင်းမှ ဦးမျိုးသန့်တင်(ခ)

တယောပြိုင်ပွဲ

ပညာရှင်အဆင့်(အမျိုးသား)တယောပြိုင်ပွဲတွင် အောင်မြေမြမန်း(ပတ်ပျိုး) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးဘခက်၊ ဧရာဝတီတိုင်းမှ ဦးပိုက်၊ ရန်ကုန်တိုင်းမှ ဦးသန်းထွန်း၊မန္တလေးတိုင်းမှ ဦးတင်ဝင်း၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ မန္တလေးတိုင်းမှ ဦးခင်မောင်ကြည်၊ မွန်ပြည်နယ်မှ ဦးဘသက်၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ရင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပညာရှင်အဆင့် (အမျိုးသမီး) တယောပြိုင်ပွဲတွင် အောင်မြေသာစံ (ပတ်ပျိုး)သီချင်းဖြင့် ကချင်ပြည်နယ်မှ မခိုင်ဇာကြည် ပါဝင်ယှဉ်ပြိုင်သည်။

အခြေခံပညာအဆင့် (၅-၁၀)နှစ် (အမျိုးသား)တယောပြိုင်ပွဲတွင် သီလာမြေယံ(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ကျော်ဝဏ္ဏ၊ ရန်ကုန်တိုင်းမှ မောင်ဟေရှားယားထော၊ မန္တလေးတိုင်းမှ မောင်မျိုးသီဟကို၊ ကယားပြည်နယ်မှ မောင်စောသက်အောင်ထွန်းထွန်းနှင့် ရန်ကုန်တိုင်းမှ မောင်ညီညီလွင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် (၅-၁၀)နှစ် (အမျိုးသမီး) တယောပြိုင်ပွဲတွင် တပ်မတော်အင်အား (ခေတ်ဟောင်းကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မသည်းစုစိုးဝင်း၊ ကယားပြည်နယ်မှ မနော်ဒိုနေထူး၊ ရန်ကုန်တိုင်းမှ မခေါင်နော၊ မန္တလေးတိုင်းမှ မနွယ်မျိုးအေး၊

အခြေခံပညာအဆင့် (၁၀-၁၅)နှစ် (အမျိုးသမီး) တယောပြိုင်ပွဲတွင် မြန်ခန်းကျွန်းတွင်း(ကြိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ မစန္ဒာချို၊ ဧရာဝတီတိုင်းမှ မထက်မြတ်မွန်၊ ရန်ကုန်တိုင်းမှ မခင်နန္ဒာထွန်း၊ တနင်္သာရီတိုင်းမှ မသက်ဖူးလှိုင်၊ ရန်ကုန်တိုင်းမှ မသီရိလှိုင်နှင့် ကယားပြည်နယ်မှ မနော်မေသောထူးရှိန်းတို့ပါဝင်ယှဉ်ပြိုင်ကြသည်။

တယောပြိုင်ပွဲများကို အတီးအကဲဖြတ် ခေါင်းဆောင် တယောဦးတင်ရီနှင့်အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာလက်ဝှေ့ ယနေ့ဗိုလ်လုပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်းနှင့်(ခ)အဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၇ ရက်(ယနေ့) ညနေ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည် ဖြစ်သည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၄:၅၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၅	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ် (အရှေ့တိုင်းပညာ) (ခ) ဒုတိယနှစ် (အင်္ဂလိပ်စာ)
၅:၃၅	၁၀။	ပညာခေတ်
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၇:၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ယမင်းရွှေစင်(အပိုင်း-၈)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။	**အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း ပိဋကတ်ဉာဏ်ကွန့်မြူးထူးချွန်သည့် ဆရာတော်**
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၃၄)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

အနိုင်ခွဲရမည့် အာစင်နယ်၊ ပွဲကြည့်ပရိသတ် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ်(၉)

အားကစားသတင်းထောက်

ရန်ကုန် အောက်တိုဘာ ၁၆

ယခုအပတ်တွင် ပွဲစဉ်(၃) လက်ကျန်ပွဲ နှစ်ပွဲနှင့် ပွဲစဉ်(၉)များကို ဆက်လက်ကစားကြမည်။ ပွဲစဉ်(၉)ကို အောက်တိုဘာ ၁၇၊ ၁၈၊ ၁၉နှင့် ၂၀ ရက်များတွင် ကစားကြမည်။

အောက်တိုဘာ ၁၇ ရက်တွင် လက်စတာ–စပါး(စ်) အသင်းတို့ ကစားကြမည်။

အောက်တိုဘာ ၁၈ ရက်တွင် အာစင်နယ်–ချယ်လ်ဆီး၊ လိဒ်စ်–မန်ယူ၊ ဖူလ်ဟမ်–ဝုလ်ဗာဟမ်တန်၊ မန်စီးတီး–ဘော်လ်တန်၊ မစ်ဒယ်လ်ဘရို–နယူးကာဆယ်၊ ပို့စ်မောက်–လီဗာပူးအသင်းများ ကစားကြမည်။

အောက်တိုဘာ ၁၉ ရက်တွင် ဘာမင်ဂမ်–အက်စတွန်ဗီလာ၊ အဲဗာတန်–ဆောက်သင်တန်အသင်းတို့ ကစားကြမည်။

အောက်တိုဘာ ၂၀ ရက်တွင် ဘလက်ဘန်း–ချာလ်တန်အသင်းတို့ ကစားကြမည်။

အောက်တိုဘာ ၁၇ရက်

လက်စတာ –စပါး(စ်)

လက်စတာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးသည်။ ငါးမှတ်သာ ရသေးသည်။ ဆယ်ဂိုးသွင်းပြီး ၁၅ ဂိုးပေးရသည်။ စပါး(စ်) နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးသောကြောင့် ရှစ်မှတ်ရသည်။ ရှစ်ဂိုးသွင်းပြီး ၁၂ ဂိုးပေးရသည်။ ပွဲစဉ်(၅) နိုင်ပြီးနောက် လက်စတာ ဆက်တိုက်ရှုံးနေသည်။ မန်ယူ၊ ချယ်လ်ဆီးအသင်းများနှင့် ကစားသောခြေအရဆိုလျှင် လက်စတာ ခြေရည်မဆိုးဟု ဆိုနိုင်သည်။

မန်စီးတီးဘက်သို့ ဝုလ်ဖ် ဂိုးသွင်းပြီးနောက် ပျော်မြူးနေကြသော ကာမာလာနှင့် အပေါင်းအဖော်များ။

စပါး(စ်)နှင့်ယှဉ်လျှင် ခြေကွာသည်။ လက်စတာ ကစားကွက် ကျယ်သည်။ နောက်တန်းမှာ အားပျော့သည်။ စပါး(စ်)၏ ကွင်းလယ်သည် အချိတ်အဆက်မိမိဖြင့် ကစားနိုင်သည်။ နောက်တန်းတောင့်သည်။ စပါး(စ်) ရှေ့တန်းမှာ ဂိုးသွင်းခြေရှိသော ကနုတေးတို့ ရှိသည်။ လက်စတာကွင်းတွင် ကစားရမည်။ လက်စတာ အိမ်ကွင်းကောင်းသည်။ စပါး(စ်)တွင် နိုင်ခြေရှိသည်။ သရေလည်းဖြစ်နိုင်ချေရှိသည်။ စပါး(စ်)ရှုံးပွဲတစ်ပွဲမရနိုင်ဟု ထင်သည်။ ၂၀၀၀ပြည့်နှစ်က လက်စတာ ၃–၀၊ ၄–၂ဖြင့် နိုင်သည်။ ၂၀၀၁ခုနှစ်တွင် လက်စတာ ပထမအကျော့တွင် ၁–၂ ဖြင့် နိုင်သည်။ ဒုတိယပွဲတွင် ၂–၁ဖြင့် ရှုံးသည်။

အောက်တိုဘာ ၁၈ရက်

အာစင်နယ်–ချယ်လ်ဆီး

နှစ်သင်းစလုံး ရှုံးပွဲမရှိသေး။ ချယ်လ်ဆီးက တစ်ပွဲလျော့ကစားထားသော်လည်း မန်ယူနောက်မှ ကပ်လိုက်ထားသည်။ အာစင်နယ် ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ထိပ်ဆုံးမှ ပြေးနေသည်။ ၁၆ဂိုးသွင်းပြီး ခြောက်ဂိုးပေးရသည်။ ချယ်လ်ဆီး ခြောက်ပွဲနိုင်၊ တစ်ပွဲသရေကျသောကြောင့် ၁၉ မှတ်ဖြင့် တတိယလိုက်နေသည်။ ၁၈ ဂိုးသွင်းပြီး ခုနစ်ဂိုးပေးရသည်။ ခြေရည်အဆင့်ရှိသော အသင်းများဖြစ်သည်။ နားလည်မှုနှင့် စုစည်းမှုတွင် အာဆင်နယ် ပိုကောင်းသည်။ ချယ်လ်ဆီးမှာ နားလည်မှုနှင့် စုစည်းမှုကို ယခုမှ အားယူခါစ ရှိသေးသည်။ အားလုံး ခြုံကြည့်လျှင် ခြေရည် မတိမ်းမယိမ်းရှိသည်။ သို့သော် အာစင်နယ် နောက်တန်းသည် ချယ်လ်ဆီးထက် အနည်းငယ် ပိုတောင့်သည်။ အစဉ်အလာများကို ဘေးချိတ်ပြီး လက်ရှိအနေအထားကိုကြည့်လျှင် အပြတ်ပြော၍ မရသော အခြေအနေတွင် ရှိသည်။ စဉ်းစားစရာ တစ်ချက်ရှိသည်။

သုံးမှတ်ရရန်သေချာ

ယခု ဤဆောင်းပါးရေးနေချိန်တွင် ချယ်လ်ဆီးနှင့် ဘာမင်ဂမ်ပွဲ မကစားရသေးချေ။ ဘာမင်ဂမ်ကို ချယ်လ်ဆီး သရေကျလျှင် အမှတ် ၂၀ ဖြင့် အာစင်နယ်နှင့် သွားတူလိမ့်မည်။ နိုင်လျှင် ၂၂ မှတ်ရပြီး ဇယားထိပ်ရောက်မည်။ ဘာမင်ဂမ်နှင့်ပွဲကို အနိမ့်ဆုံး သရေထားကြည့်လျှင် အာစင်နယ်နှင့် ချယ်လ်ဆီးပွဲသည် သရေဖြစ်နိုင်ဖွယ်ရှိသည်။ အကယ်၍ ဘာမင်ဂမ်ကို ချယ်လ်ဆီးနိုင်ခဲ့လျှင် အာစင်နယ် အနိုင်ကစားရလိမ့်မည်။ သရေဖြစ်ပါက မန်ယူ၊ ချယ်လ်ဆီး နောက်ကျန်ခဲ့လိမ့်မည်။ မန်ယူက လိဒ်စ်နှင့် ကစားရမှာဖြစ်သည့်အတွက် သုံးမှတ်ရရန် သေချာနေသည်။

ထို့ကြောင့် အာစင်နယ်နှင့် ချယ်လ်ဆီးပွဲသည် အရှုံးအနိုင် အဖြေပေါ်အောင် ကစားရမည်။ အာစင်နယ်ကွင်းမှာ ကစားရမည်။ ချယ်လ်ဆီး အနည်းဆုံး သရေရအောင် ကစားလိမ့်မည်။ မနှစ်က ပထမပွဲတွင် တစ်ဂိုးစီ သရေကျသည်။ ဒုတိယအကျော့တွင် ၃–၂ဖြင့် အာစင်နယ်နိုင်သည်။

လိဒ်စ်–မန်ယူ

လိဒ်စ် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး၍ ရှစ်မှတ်ရသည်။ ရှစ်ဂိုးသွင်းပြီး ၁၇ ဂိုးပေးရသည်။ မန်ယူ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ ၁၉ မှတ်ဖြင့် ဒုတိယလိုက်နေသည်။ နယူးကာဆယ်နှင့် ကစားသော ပွဲဦးထွက် ခြေဖြင့် လိဒ်စ် ကစားလျှင် မန်ယူကို ယှဉ်နိုင်သည်။ သို့သော် လက်စတာနှင့်ပွဲတွင် ညံ့လွန်းသည်။ ဘလက်ဘန်းနှင့်ပွဲမှ လိဒ်စ် အရှုံးထဲမှ ထွက်နိုင်သည်။ မန်ယူသည် ယခုပွဲကို အရှုံးခံ၍ မဖြစ်ချေ။ သို့မှသာ အာစင်နယ်၊ ချယ်လ်ဆီးတို့ကို ကပ်လိုက်ထားနိုင်မည်။ ရှေ့တွင် ဖျက်မြင်းများက စောင့်နေကြသည်။ လိဒ်စ်ကွင်းတွင် ကစားရမည်ဖြစ်သော်လည်း မန်ယူ နိုင်ပွဲရနိုင်သည်။ ဂိုးပြတ်၊ မပြတ်သာ ကြည့်ရမည်။ ယမန်နှစ်က ပထမပွဲတွင် လိဒ်စ် တစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်သည်။ ဒုတိယအကျော့မှာ လိဒ်စ် ၂–၁ဖြင့် ပြန်ရှုံးသည်။

ဖူလ်ဟမ်–ဝုလ်ဖ်

ဖူလ်ဟမ် လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးသောကြောင့် ၁၄ မှတ်ရသည်။ ၁၅ ဂိုးသွင်းပြီး ကိုးဂိုးပေးရသည်။ ဝုလ်ဖ် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးသည်။ သုံးဂိုးသွင်းပြီး ၁၈ ဂိုးပေးရသည်။ ငါးမှတ်ရသည်။ ဖူလ်ဟမ် နိုင်ပွဲဆက် နေသည်။ အသင်းကြီးများနှင့် ကစားသောခြေအရ ဖူလ်ဟမ် ကောင်းသည်။ မန်စီးတီးကိုနိုင်သော ဝုလ်ဖ် ခြေသည် အသင့်အတင့်လောက်သာရှိသည်။ ဖူလ်ဟမ်နှင့် ယှဉ်၍မရ။ ဖူလ်ဟမ် သာသည်။ နိုင်ဖို့များသည်။ ဖူလ်ဟမ် ကွင်းတွင် ကစားရမည်။ ၂၀၀၁ ခုနှစ် တွေ့ကြစဉ်က ပထမပွဲတွင် ဂိုးမရှိ သရေကျသည်။ ဒုတိယအကျော့မှာ ဖူလ်ဟမ်က နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်သည်။

မန်စီးတီး –ဘော်လ်တန်

ပွဲစဉ်(၈)တွင် မန်စီးတီးသည် အောက်ဆုံးမှ ဝုလ်ဖ်ကို ရှုံးသည်။ ရှုံးပွဲတစ်ပွဲ ထပ်ပေးလိုက်ရသည်။ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးသောကြောင့် ၁၂ မှတ်ရသည်။ ၁၄ ဂိုး သွင်းပြီး ကိုးဂိုးပေးရသည်။ ဘော်လ်တန် တစ်ပွဲနိုင် ငါးပွဲ သရေ၊ နှစ်ပွဲရှုံးသည်။ ခြောက်ဂိုးသွင်းပြီး ၁၂ ဂိုး ပြန်ပေးရသည်။ ရှစ်မှတ်သာ ရသေးသည်။ မန်စီးတီး ယခုပွဲကို အနိုင်ကစားမှ ဖြစ်ချေမည်။ ဝုလ်ဖ်ကို ကစားသလို ကစား၍ မရ။ ယခုပွဲတွင်သာ သုံးမှတ်ရနိုင်သော အခွင့်အရေးရှိသည်။ ရှေ့တွင် သက်သောင့်သက်သာဖြင့် အမှတ်ရစရာ မမြင်ချေ။ ချယ်လ်ဆီးနှင့် ထိပ်တိုက်တွေ့ရမည် ဖြစ်သည်။ မနှစ်က တစ်ယောက် တစ်ပွဲစီ နိုင်ကြသည်။ ပထမပွဲတွင် မန်စီးတီးက ၂–၁ဖြင့် နိုင်သည်။ ဒုတိယအကျော့တွင် နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးသည်။ မန်စီးတီးကွင်းမှာ ကစားရမည် ဆိုတော့ နိုင်ဖို့များသည်။

ဘိုရို–နယူးကာဆယ်

ချယ်လ်ဆီးကို ဘိုရို ၂–၁ဖြင့် ရှုံးသည်။ ရှုံးပွဲ ငါးပွဲဖြစ်သွားသည်။ နှစ်ပွဲနိုင်၊ တစ်ပွဲ သရေကျထားသည်။ ခုနစ်မှတ်ပဲ ရသေးသည်။ ခုနစ်ဂိုး သွင်းပြီး ၁၄ ဂိုး ပြန်ပေးရသည်။ နယူးကာဆယ်သည် ပွဲစဉ်(၈)မှ နိုင်ပွဲတစ်ပွဲရသည်။ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး၍ ခြောက်မှတ်ရသည်။ ရှစ်ဂိုးသွင်းပြီး ၁၀ ဂိုးပေးရသည်။ ရှေ့ပွဲစဉ်များတွင် အရှုံးနှင့် သရေကြားမြုပ်နေသည်။ နှစ်သင်းစလုံး ခြေရည်ရှိကြသည်။ သူ့အနေအထားနှင့်သူ ကောင်းကြသည်။ ဘိုရိုထက် နယူးကာဆယ် ခြေကောင်းသည်။ အသင်းကြီးများကို ယှဉ်ကစားနိုင်သည်။ လက်ကျန်ပွဲတွင် သရေရလျှင် ဇယားအလယ်လောက်အထိ ခုန်တက်သွားနိုင်သည်။ ဘိုရိုကိုအနိုင်ရလျှင် အဆင့် ၁၀ ထဲ ဝင်သွားမည်။ နယူးကာဆယ် နိုင်ပွဲများလာတော့မည်ဟု ခန့်မှန်းရပေသည်။ ပွဲစဉ်(၁၀)တွင် ပို့စ်မောက်နှင့် တွေ့ရလိမ့်မည်ဖြစ်သည်။ သို့ဖြစ်၍ လက်ကျန်ပွဲ အနေအထားကို ကြည့်ကစားမည်ဖြစ်သည်။ ဘိုရိုကွင်းမှာ ကစားရမည်။ မနှစ်က အပြန်အလှန်နိုင်ကြသည်။ ပထမပွဲတွင် ဘိုရိုက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။ ဒုတိယအကျော့တွင် နှစ်ဂိုး–ဂိုးမရှိဖြင့် ပြန်ရှုံးသည်။ နယူးကာဆယ် အနိုင်နှင့် သရေ တစ်ခုခု ကစားလိမ့်မည်။

ပို့စ်မောက်–လီဗာပူး

ပို့စ်မောက် ရှုံးပွဲများနှင့် ဆက်တိုက်ကြုံနေရသည်။ ပွဲစဉ်(၆)မှစ၍ ဆက်တိုက် ရှုံးလာခဲ့သည်။ ဘာမင်ဂမ်၊ ဘလက်ဘန်း၊ ချာလ်တန်အသင်းများကို ရှုံးသည်။ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးသည်။ ကိုးမှတ်ရသည်။ ဆယ်ဂိုးသွင်းပြီး ကိုးဂိုးပြန်ပေးရသည်။ လီဗာပူး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးသောကြောင့် ၁၁ မှတ်ရသည်။ ၁၂ ဂိုးသွင်းပြီး ကိုးဂိုးပေးရသည်။ ပို့စ်မောက် ပွဲထွက်ကောင်းသော်လည်း နောက်ပွဲများတွင် တဖြည်းဖြည်းညံ့လာသည်။ လီဗာပူးက ပွဲထွက်ညံ့သလောက် ယခု တဖြည်းဖြည်းကောင်းလာသည်။ နှစ်သင်းစလုံး ခြေရည်ကောင်းကြသည်။ အာစင်နယ်နှင့်ပွဲတွင် လီဗာပူး ခြေသင့်သည်။ မန်စီးတီး၊ အာစင်နယ်တို့နှင့် ကစားသော ခြေရည်မျိုး ပို့စ်မောက်ကစားလျှင် ပွဲကောင်းတစ်ပွဲဖြစ်နိုင်သည်။ နှစ်သင်းစလုံးတွင် ဂိုးသွင်းခြေရှိသူများ ပါကြသည်။ ကွင်းလယ်၌ လီဗာပူး သာသည်။ ပို့စ်မောက်တွင် ကစားရမည်။ လီဗာပူး သရေ သို့မဟုတ် အနိုင် တစ်ခုခုရနိုင်သည်။

အောက်တိုဘာ ၁၉ ရက်

ဘာမင်ဂမ်–ဗီလာ

မန်ယူနှင့်တွေ့မှ ဘာမင်ဂမ် အရှုံးနှင့် ရင်ဆိုင်ရလေတော့သည်။ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၁၄ မှတ်ရထားသည်။ ရှစ်ဂိုးသွင်းပြီး၊ ငါးဂိုးပေးရသည်။ ဗီလာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး၍ ရှစ်မှတ်ရသည်။ ရှစ်ဂိုး သွင်းပြီး ၁၂ ဂိုးပေးရသည်။ မန်ယူကို ဘာမင်ဂမ် ရှုံးသော်လည်း ခြေရည်ကောင်းသည်။ မန်ယူကို ယှဉ်ကစားနိုင်ခဲ့သည်။ လက်စတာ၊ ချာလ်တန်ပွဲများတွင် ဗီလာ ခြေကောင်းသည်။ ကျန်ပွဲများမှာ ညံ့သည်။ ယခုနှစ် ခြေအရ ကြည့်လျှင် ဘာမင်ဂမ် နိုင်လောက်သည်။ ဗီလာ ညှစ်ကစားမည်ဆိုလျှင် ဘာမင်ဂမ်ကို လိုက်ကစားနိုင်သည်။ ဘာမင်ဂမ်မှာ ကစားရမည်။ ဘာမင်ဂမ် သရေလောက်အထိ ကစားပေးနိုင်သည်။ ရှေ့ပွဲများတွင် ဘာမင်ဂမ်က ပွဲချောင်သည်။ မနှစ်က ဘာမင်ဂမ် နှစ်ပွဲစလုံးနိုင်သည်။ ၃–၀၊ ၂–၀ ဖြစ်သည်။

ရော်ဘီကိန်းနှင့် ဒစ်စတိန်း

စပါး(စ်)မှ ရော်ဘီကိန်းနှင့် မန်စီးတီးမှ ဒစ်စတိန်းတို့ ဘောလုံး ယှဉ်လုနေကြစဉ်။

အဲဗာတန်–စိန့်

အဲဗာတန် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး၍ ရှစ်မှတ်ရသည်။ ၁၂ ဂိုးသွင်းပြီး ၁၄ ဂိုး ပြန်ပေးရသည်။ စိန့်သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးသဖြင့် ၁၂ မှတ်ရထားသည်။ ရှစ်ဂိုးသွင်းပြီး၊ ငါးဂိုးပေးရသည်။ ဖူလ်ဟမ်၊ လိဒ်စ်ပွဲများတွင် အဲဗာတန် ခြေရည်ကောင်းသည်။ အာစင်နယ်နှင့် ကစားသော ခြေရည်ပင် ကောင်းသည်။ လီဗာပူး၊ စပါး(စ်)တို့ပွဲတွင် ညံ့လွန်းသည်။ အယ်ဗာတန်သည် ခြေမငြိမ်သော အသင်းဖြစ်သည်။ ယခု ပွဲကောင်းသော်လည်း နောက်ပွဲညံ့နေတတ်သည်။ စိန့်က ရှုံးပွဲများ ဆက်တိုက်တိုးနေသည်။ မန်ယူပွဲတွင် စိန့်ခြေအကောင်းဆုံးဖြစ်သည်။ မန်ယူ၊ ဝုလ်ဖ်၊ စပါး(စ်)တို့ကို တောက်လျှောက် နိုင်လာပြီးမှ ဘိုရိုနှင့် နယူးကာဆယ်တို့ကို ဆက်ရှုံးသည်။ နှစ်သင်းယှဉ်လျှင် စိန့် ခြေသာသည်။ စိန့်နိုင်ခြေရှိသည်။ မနှစ်က တစ်ပွဲစီနိုင်ကြသည်။ ၀–၁၊ ၂–၁ ဖြစ်သည်။ အဲဗာတန်ကွင်းတွင် ကစားရမည်။ အိမ်ရှင် သရေအထိ မျှော်လင့်နိုင်သည်။

အောက်တိုဘာ ၂၀ ရက်

ဘလက်ဘန်း –ချာလ်တန်

ဘလက်ဘန်း နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးသောကြောင့် ရှစ်မှတ်ရသည်။ ၁၅ ဂိုး သွင်းပြီး ၁၆ ဂိုး ပြန်ပေးရသည်။ ချာလ်တန် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးသည်။ ၁၂ ဂိုးသွင်းကာ ၁၂ ဂိုးပြန်ပေးရသည်။ ၁၁ မှတ်ရထားသည်။ ဘလက်ဘန်းသည် ခြေစွာသော ပို့စ်မောက်ကို နိုင်ပြီးနောက် ဖူလ်ဟမ်၊ လိဒ်စ်တို့ကို ဆက်တိုက် ရှုံးသည်။ ချာလ်တန်က ခြေကောင်းသော လီဗာပူး၊ ပို့စ်မောက်တို့ကို ဆက်နိုင်သည်။ ၎င်းနှစ်သင်းတို့၏ ခြေကို ယှဉ်ကြည့်လျှင် ချာလ်တန် နိုင်ခြေရှိသည်။ သို့သော် ဘလက်ဘန်းတွင် ကစားသမားကောင်းများ ရှိသည်။ ချာလ်တန်ထက် ဂိုးသွင်းခြေရှိသူ ဘလက်ဘန်းတွင် များသည်။ ဘလက်ဘန်း ကစားကွက်က ပိုကောင်းသည်။ ဘလက်ဘန်းကွင်းတွင် ကစားကြမည်။ မနှစ်က တစ်ပွဲစီ နိုင်ကြသည်။ ၁–၀၊ ၃–၀ ဖြစ်သည်။ တစ်မြန်နှစ်က ဘလက်ဘန်းက နှစ်ပွဲစလုံးနိုင်သည်။ ၄–၁၊ ၂–၀ ဖြစ်သည်။ ဘလက်ဘန်း နိုင်ပွဲရနိုင်သည်။ ။ **(ကြေးမုံ)**

မြန်မာနိုင်ငံ မြောက်ဖျား ကချင်ပြည်နယ်မှ ရေခဲတောင်များ ဖုံးလွှမ်းရာ ခါကာဘိုရာဇီ တောင်တန်း၏ သဘာဝရှုခင်း။ (ဓာတ်ပုံ ပြန်/ဆက်)



ပြည်မြန်မာ၏ သဘာဝရှုခင်း အလှမြင်ကွင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးတစ်ရာကျော်တို့ စုစည်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။ ထို့အတူ သဘာဝ စိမ့်စမ်း ရေမြေတောတောင်တို့ ပေါများကြွယ်ဝသော နိုင်ငံလည်းဖြစ်သည်။

နိုင်ငံ၏ မြောက်ပိုင်းစွန်း ကချင်ပြည်နယ် သွေးချင်းတို့မြေတွင် ရေခဲဖြင့်ဖုံးလွှမ်းသော တောင်တန်းအလှတို့ကို တွေ့နိုင်သည်။ နိုင်ငံအနှံ့ သစ်တောများကို ထူးခြားစွာတွေ့နိုင်သည်။ ပုဂံညောင်ဦးဒေသသည် ကမ္ဘာလှည့်ခရီးသွားတို့ မဖြစ်မနေ သွားရောက်လေ့လာ ကြည့်ရှုကြရသည့် သမိုင်းဝင်ဒေသဖြစ်သည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေဒေသမှ အင်းလေးကန်သည်လည်း ကမ္ဘာလှည့်ခရီးသည်တို့ စိတ်ဝင်တစား သွားရောက်လေ့လာကြလေ့ရှိသည်။ မြန်မာ့မြေ၏ ကမ်းခြေအလှတွင် ငပလီ၊ ချောင်းသာ၊ ငွေဆောင်၊ မောင်းမကန် စသည်တို့သည် ကမ္ဘာသို့တိုင် ကျော်ကြားလှသည်။

သို့ဖြစ်၍ မြန်မာ့ရေ၊ မြေ၊ တောတောင်ရှုခင်း မြင်ကွင်း အဖုံဖုံသည် အာရှတစ်လွှားတွင်သာမက ကမ္ဘာသို့တိုင် သတင်းမွှေးပျံ့လျက်ရှိပေသည်။

ကြေးမုံ

ဇင်းကျိုက် ရေတံခွန်

မွန်ပြည်နယ်တွင် ထင်ရှားလှသည့် ဇင်းကျိုက်ရေတံခွန်၏ အလှပသာဒ။

[ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)]

အင်းလေးကန်၏ အလှမြင်ကွင်း

ကမ္ဘာလှည့်ခရီးသည်တို့ စိတ်ဝင်တစား သွားရောက်လေ့လာကြရသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်၏ အလှမြင်ကွင်း။ [ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

ငွေဆောင်ကမ်းခြေ

ဧရာဝတီတိုင်း ငွေဆောင်ကမ်းခြေ၏ သဘာဝနှင့် ယှဉ်သော မြင်ကွင်းအလှ။ [ဓာတ်ပုံ-ခရမ်းစိုးမြင့်(ကြေးမုံ)]

ဓာတ်ပုံ မှတ်တမ်း

ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)
ခရမ်းစိုးမြင့် (ကြေးမုံ)
စိုးညွန့်(ကြေးမုံ)နှင့် ပြန်/ဆက်

❀ စာမျက်နှာ ၉ မှ

ရေးမှူး ဦးတင်လွမ်းက ရော်ဘာစိုက်ပျိုးမှု ထူးချွန်ခြံရှင် ခြံကြီးဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ်မှ ဦးရွှမ်းကြူး၊ ခြံလတ်ဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ ဦးယုမောင်နှင့် ခြံငယ်ဆုရ မွန်ပြည်နယ် မုဒုံမြို့နယ်မှ ဒေါ်သိန်းမြင့်တို့အားလည်းကောင်း၊ ဆီအုန်းစိုက်ပျိုးမှု ထူးချွန်ခြံရှင် ခြံကြီးဆုရ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်မှ တောင်ဒဂုန်ကုမ္ပဏီ၊ ခြံလတ်ဆုရ တနင်္သာရီတိုင်း ပုလောမြို့နယ်မှ ဗင်းတော့ချ်ကုမ္ပဏီနှင့် ခြံငယ်ဆုရ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်မှ ဦးဝင်းသိန်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက သီဟိုဠ်စိုက်ပျိုးမှု ထူးချွန်ခြံရှင် ခြံကြီးဆုရ ပဲခူးတိုင်း(အရှေ့ပိုင်း) အုတ်တွင်းမြို့နယ်မှ ဦးခင်မောင်ဝင်း၊ ခြံလတ်ဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်မှ ဦးကျားမင်းနှင့် ခြံငယ်ဆုရ ဧရာဝတီတိုင်း သာပေါင်းမြို့နယ်မှ ဦးတင်စိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က မက္ကဒေးမီးယားစိုက်ပျိုးမှု ထူးချွန်ခြံရှင်ဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်မှ ဦးမင်းဉာဏ်ရှိန်၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်မှု ထူးချွန်တောင်သူဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်မှ ပန်းဆေးဦးကျော်မြင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်၊ သီဟိုဠ်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်နှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ ဦးစိုင်းအိုက်ပေါင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ဂုန်လျှော်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်မောင်က ဂုန်လျှော်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ပဲခူးတိုင်း (အနောက်ပိုင်း) မိုးညိုမြို့နယ်၊ ဂုန်လျှော်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရ ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်မှ ဦးတင်သန်းနှင့် ဂုန်လျှော်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်အဝယ်စခန်းဆုရ ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့နယ် မြို့မအဝယ်စခန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးလှထွန်းက စာစီစာကုံးပြိုင်ပွဲ စိုက်ပျိုးရေးတက္ကသိုလ်အဆင့် ပထမဆုရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မနန်းကေသီလှိုင်နှင့် ဒုတိယဆုရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မောင်ဇော်မျိုးကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးရဲဖုန်းမြင့်က စာစီစာကုံးပြိုင်ပွဲ စိုက်ပျိုးရေးသိပ္ပံအဆင့် ပထမဆုရ မြောင်းမြစိုက်ပျိုးရေးသိပ္ပံမှ မောင်အောင်ကျော်သူထွန်း၊ ဒုတိယဆုရ ပုသိမ်ကြီးစိုက်ပျိုးရေးသိပ္ပံမှ မောင် N တူးဆိုင်နှင့် တတိယဆုရ ပုသိမ်ကြီးစိုက်ပျိုးရေးသိပ္ပံမှ မောင်နိုင်ထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပိုစတာပြိုင်ပွဲဆုများ

ဆက်လက်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ပိုစတာပြိုင်ပွဲ စိုက်ပျိုးရေးသိပ္ပံအဆင့် ပထမဆုရ မြောင်းမြစိုက်ပျိုးရေးသိပ္ပံမှ မောင်စောကျော်လင်းမောင်၊ ဒုတိယဆုရ သာယာဝတီ စိုက်ပျိုးရေးသိပ္ပံမှ မောင်အေးမင်းထွန်းနှင့် တတိယဆုရ ပုသိမ်ကြီး စိုက်ပျိုးရေးသိပ္ပံမှ မောင်သူရဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ရိက္ခာထုတ်လုပ်မှုထူးချွန်ဆု စိုက်ပျိုးရေးသိပ္ပံအဆင့် ပထမဆုရ ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီစိုက်ပျိုးရေးသိပ္ပံနှင့် ဒုတိယဆုရ မန္တလေးတိုင်း ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံတို့အားလည်းကောင်း၊ တစ်နိုင်တစ်ပိုင် အိမ်ခြံစိုက်ပျိုးရေး တယ်လီဖု စီမံကိန်းအိမ်ထောင်စုအဆင့် ထူးချွန်ဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ ဦးညွန့်မောင်အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



၂၀၀၃ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသ ရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများမှ အရည်အသွေး ပြည့်မီသော ပုလဲလုံးများကို ဤသို့တွေ့ရသည်။

မြန်မာ့ ကျောက်မျက်ရတနာ ခန်းမ၏ မြေညီထပ်တွင် ပုဂ္ဂလိက ရတနာအရောင်းဆိုင်များ၊ ကျောက်ကပ် ပန်းချီဆိုင်များဖွင့်လှစ် ရောင်းချနေကြသည်ကို တွေ့မြင်ခဲ့ရသကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများကိုလည်း ရောက်တုန်းရောက်ခိုက် လေ့လာခဲ့ရသည်။ အထူးသဖြင့် အခန်းငယ်လေးတစ်ခုဖြင့် ပြသထားသည့် အတွဲအမှတ်(၈၄၆) ကျောက်စိမ်းအရည် ကျောက်အရိုင်းတုံးကို ပြည်တွင်း ပြည်ပ သတင်းစာဆရာများက စိတ်ဝင်တစား ရှိကြသည်။ အဆိုပါကျောက်စိမ်းအတွဲမှာ ပြပွဲတင်သည်မှာ သုံးကြိမ်ရှိပြီဖြစ်ရာ သတင်းစာဆရာအများစုက မှတ်မိ သိရှိနေကြပြီဖြစ်သည်။ အရည်အသွေးမြင့်မားသကဲ့သို့ ယခုနှစ်တွင် ရောင်းစွံသွားမည့် အလားအလာများစွာ ရှိနေကြောင်း ကြားသိခဲ့ရသည်။

အဝါရောင်ပုလဲ

ဈေးပြိုင်စနစ် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ၊ ပုလဲတွဲများကို မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၏ တတိယထပ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့မွေးပုလဲ ထုတ်လုပ်မှုမှာ ယခုအခါ တိုးတက်လာလျက်ရှိကြောင်း၊ လာမည့်နှစ်တွင် ပုလဲလုံးရေ တစ်သိန်းခွဲ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်က အထူးကြိုက်နှစ်သက်သည့် အဝါရောင်ပုလဲ များလည်း ထွက်ရှိနေကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်ကို မှတ်တမ်းတင်ခွင့်ရခဲ့သည်။

မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲပြပွဲများကို ၁၉၆၄ခုနှစ်မှ စတင်၍ နှစ်စဉ်ပြပွဲများ၊ နှစ်လယ်ပြပွဲများ၊ အထူးပြပွဲများစသည်ဖြင့် ခင်းကျင်းပြသ ရောင်းချလာခဲ့ရာ ယခု ၂၀၀၃ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအပါအဝင် (၅၈)ကြိမ်ရှိခဲ့ပြီဖြစ်ရာ နိုင်ငံခြားငွေ မြောက်မြားစွာကိုလည်း နိုင်ငံအတွက် ရှာဖွေပေးနိုင်ခဲ့ပြီဖြစ်သည်။ ကျောက်မျက်ရတနာလုပ်ငန်းသည် အရည်အသွေးကောင်း၊ အထွက်ကောင်းသည်နှင့်အမျှ နိုင်ငံ၏ စီးပွားဖြစ်ထွန်းမှုကို အထောက်အကူပြုနေသော လုပ်ငန်းတစ်ခုဖြစ်သည်။ တစ်ဖက်တွင်လည်း ကျောက်မျက်ရတနာပြပွဲကို အကြောင်းပြု၍ ရောက်ရှိလာသူများနှင့် မိမိနိုင်ငံသားများ ထိတွေ့ဆက်ဆံခွင့်ရရှိ၍ ဒေသတွင်းနှင့် နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုတို့ ရရှိနိုင်သော အကျိုးကျေးဇူးကိုလည်းကောင်း၊ မိမိနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများကိုလာရောက်ဝယ်ယူရင်း နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် ပကတိအခြေအနေတို့ကို အမှန်အတိုင်း သိမြင်သွားကြခြင်းဖြင့် မိမိတို့နိုင်ငံအပေါ် မတရားပုတ်ခတ်စွပ်စွဲမှုများ၊ မဟုတ်မမှန် လုပ်ကြံသတင်းထုတ်လွှင့်မှုများကို တုံ့ပြန်ဖယ်ရှားနိုင်သည့် အကျိုးကျေးဇူးကိုလည်းကောင်း ရရှိနိုင်ဦးမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ (ကြေးမုံ)

➪ ကျောက်မျက်ကျောက်စိမ်းမှ

ပုလဲအတွဲပေါင်း ၁၈၇ တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ရာ ပြပွဲတင် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲအတွဲ စုစုပေါင်း ၁၃၉၇တွဲကို အခြေခံဈေးယူရိုငွေ ၂၄၁သိန်းကျော် သတ်မှတ်ထားကြောင်း သိရှိရသည်။

ကြေးမုံသတင်းအဖွဲ့ ရောက်ရှိသွားခဲ့သည့် အောက်တိုဘာ ၁၄ ရက်သည် ပြပွဲသို့ တက်ရောက်လာသည့် ရတနာကုန်သည်များက ရတနာများကို ကြည့်ရှုစစ်ဆေးပြီး ဈေးပြိုင်အဆိုပြုလွှာ (Bidding Form) များကို သက်ဆိုင်ရာ တင်ဒါပုံး (Tender Box)များတွင် ထည့်သွင်းသည့် နေ့ဖြစ်သည်။ ရာသီဥတုအားဖြင့်လည်း မိုးလေကင်းစင်၍ သာတောင့်သာယာရှိသည့် နေ့တစ်နေ့ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံ ဝန်းကျင်၌ ခင်းကျင်းပြထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်အရိုင်းတုံးများ၊ ထည်လုံးစိမ်း အရိုင်းတုံးများကို ကျောက်မျက်ရတနာကုန်သည်များက စနစ်တကျ စစ်ဆေးကြည့်ရှုနေကြသည်ကို တွေ့ရသည်။ အုပ်စုလိုက် အုပ်စုလိုက် ခေါင်းချင်းဆိုင်စစ်ဆေး၊ အကဲဖြတ်၊ အကျိုးအမြတ် တွက်ချက်သုံးသပ်ပြီး ဈေးနှုန်းသတ်မှတ်နေကြပုံရသည်။ ကုန်သည်အများစုမှာ ဂန္ဓာလရာဇ်နွယ်ဖွား ပေါက်ဖော်များဖြစ်ကြသည်။

လေ့လာမှတ်သားရဖူး

ကမ္ဘာပေါ်တွင် ကျောက်စိမ်းထွက်သည့် နေရာငါးခုရှိသည့်အနက် မြန်မာနိုင်ငံမှ ထွက်သည့် ကျောက်စိမ်းသည်သာလျှင် အကောင်းဆုံး "စိန်အဆင့်" (Diamond Grade)ဟု သတ်မှတ်ကြကြောင်း၊ အရည်ပေါ်မူတည်ပြီး ပြောမည်ဆိုလျှင် မြန်မာ့ကျောက်စိမ်းထက် ပို၍ကောင်းသည့် ကျောက်စိမ်းကို အခြား မည်သည့်နေရာတွင်မှ ရှာမတွေ့နိုင်ကြောင်း လေ့လာမှတ်သားရဖူးသည်။

အရေးပေါ် လူနာတင်ယာဉ် ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၆

တပ်မတော်အရိုးကု ဆေးရုံကြီး ခုတင်–၅၀၀နှင့် ကြည့်မြင်တိုင် အရိုးရောဂါအထူးကုဆေးရုံကြီးသို့ ဘယ်လ်ဂျီယံအခြေစိုက် Support Fund Myanmar က အရေးပေါ် လူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် တပ်မတော်အရိုးကုဆေးရုံကြီး ခုတင်–၅၀၀ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်–၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း၊ အထူးကုပါရဂူကြီးများနှင့် တပ်မတော်အရာရှိကြီးများ၊ ကြည့်မြင်တိုင် အရိုးရောဂါအထူးကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စံဝင်းနှင့် တာဝန်ရှိသူများ၊ ဘယ်လ်ဂျီယံအခြေစိုက် Support Fund Myanmar ဥက္ကဋ္ဌ Mrs. Yve Callebaut နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘယ်လ်ဂျီယံအခြေစိုက် Support Fund Myanmar ဥက္ကဋ္ဌ Mrs. Yve Callebaut က အရေးပေါ် လူနာတင်ယာဉ်ပေးအပ် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အရေးပေါ် လူနာတင်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်–၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းနှင့် ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်စံဝင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သန်းအောင်က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ရွှေစာရံအိုးပင်းဂေါက် ချန်ပီယံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P. G. A တို့ ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ Myanmar Golf Tour 2003 ၏ ဒုတိယပွဲစဉ် Shwesaryan Open Golf Championship ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁) နေရာယူထားကြပြီး မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ MGF နှင့် MPGA အမှုဆောင် ဦးကိုကိုလေး၊ Rothmans of Pall Mall Myanmar Pte ., Ltd မှ Special Project မန်နေဂျာ ဦးမြင့်သိန်းနှင့် Htoo Trading Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးတေဇတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲတွင် ယဉ်ထွေး (Taylormade) က ၇၂ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်ရွှေ (Wilson)နှင့် အောင်ဆန်းဝင်း (MGC)တို့က ၇၃ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ကျော်သီဟက ၇၃ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဌေးအောင်ဌေးက ၇၆ချက်ဖြင့် ဒုတိယလိုက်ပြီး မျိုးမင်းအောင်က ၇၇ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲတွင် Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd ကလည်းကောင်း၊ Title Sponsor အဖြစ် Htoo Trading Co., Ltd ကလည်းကောင်း၊ Official Hotel အဖြစ် Nadi Myanmar Hotel ကလည်းကောင်း၊ Official Air Line အဖြစ် Air Mandalay ကလည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam (Munsing Wear) ကလည်းကောင်း၊ Official Drinking Water အဖြစ် Loi - Hein (Alpine) ကလည်းကောင်း၊ Official Golf Equipment Supplier အဖြစ် Honma နှင့် Wilson တို့ကလည်းကောင်း၊ Official Office Equipment Supplier အဖြစ် Canon ကလည်းကောင်း၊ Official Paint Supplier အဖြစ် UPG ကလည်းကောင်း အသီးသီး ပံ့ပိုးကူညီကြပြီး Myanmar Elephant Cement ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြသည်။

ဒုတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကို အောက်တိုဘာ ၁၇ရက် နံနက် ၈နာရီတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ဖွင့်ပွဲနေ့ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

❍ **အာရှဂူရှူး မှ**

အဆင့် (၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အဆိုပါ အာရှလူငယ်ပြိုင်ပွဲသို့ မြန်မာဂူရှူးအဖွဲ့သည် ပထမဦးဆုံး အကြိမ် သွားရောက်ယှဉ်ပြိုင်ရာ၌ ယခုကဲ့သို့ အောင်မြင်မှုများ တစ်ပွေ့တစ်ပိုက် ရယူနိုင်ခဲ့ရာ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်အတွက် အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခု ဆိုရမည်ဖြစ်သည်။

တစ်ခဲနက်ကြိုဆို

ထိုအောင်ပွဲရ မြန်မာလူငယ် ဂူရှူးအဖွဲ့သည် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေး ဦးဆောင်ပြီး အောက်တိုဘာ ၁၄ရက်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံအိုလံပစ်ကော် မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်မှ နာယကများ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားမောင်မယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုကောင်စီဝင် Mr. Pan Seng၊ အား/ကာ သိပ္ပံကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ အားကစားမောင်မယ်များ၊ အောင်ပွဲရ အားကစားသမားများ၏ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် မိဘဆွေမျိုးမိတ်သင်္ဂဟများက အိုးစည်ဒိုးပတ်တီးကာ တစ်ခဲနက် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည်။ ထိုအချိန်လေးသည် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်အတွက် မင်္ဂလာအချိန်ဖြစ်ခဲ့သလို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း၌လည်း မြန်မာလူငယ်ဂူရှူးအဖွဲ့၏ ရွှေရောင်အောင်ပွဲသံများဖြင့် ပဲ့တင်ထပ်ခဲ့ပေသည်။ မြန်မာလူငယ်ဂူရှူးအဖွဲ့သည် ယခု အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိလိုက်ခြင်းသည် မြန်မာ့အားကစားနည်းများသည် အာရှပြိုင်ပွဲများတွင်လည်း အောင်မြင်မှုသရဖူဆောင်းနိုင်ကြောင်း ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ် ဂူရှူးအဖွဲ့အတွက် ဆုတံဆိပ်များကို မျိုးမင်းစိုး(အထက–၂၊ဗဟန်း)က အသက်(၁၅–၁၇)နှစ် ထိုက်ကျိုကျန့်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ထိုက်ချီရှွမ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ သူရစိုး(အထက–၄၊ကမာရွတ်)က အသက်(၁၂–၁၄)နှစ် ချန်းစုလုံ့ရှည်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ချန်းရှွမ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ဝေဖြိုးအောင်(အထက–၃၊စမ်းချောင်း)က အသက်(၁၂–၁၄)နှစ် တောင်းဆု(ဓားမောက်)ပြိုင်ပွဲ တွင် ငွေတံဆိပ်တစ်ခု၊ နန်းရှွမ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ဟန်နီကိုကို(အထက–၁၊ဒဂုံ)က အသက်(၁၂–၁၄)နှစ်ထိုက်ချီရှွမ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ကေသီမော်က အသက်(၁၅–၁၇)နှစ်ထိုက်ချီရှွမ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ကျော်ဖြိုးဝင်း(အထက–၅၊ အင်းစိန်)က အသက်(၁၅–၁၇)နှစ် ကျန့်စုနှစ်ဖက်သွားဓားပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ယဉ်မင်းသူ (အထက–၂၊ စမ်းချောင်း) က အသက်(၁၂–၁၄)နှစ် တုတ်(ကွန့်စု)ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးငါးခုဆွတ်ခူး ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အောင်ပွဲရ မြန်မာလူငယ် ဂူရှူးအဖွဲ့မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး အပါအဝင် အောင်ပွဲရ ကစားသမားအချို့၏ အောင်ပွဲစကားသံများကို ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ပထမဆုံးအကြိမ်

ဥက္ကဋ္ဌ ဦးခင်မောင်လေးက "မြန်မာလူငယ်ဂူရှူးအဖွဲ့အနေဖြင့် ပထမဦးဆုံး အကြိမ် သွားရောက်ယှဉ်ပြိုင်သည့် ယခုပြိုင်ပွဲမှာ နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူနိုင်ခဲ့၍ ဖော်မပြနိုင်လောက်အောင် ဝမ်းမြောက် ဝမ်းသာဖြစ်မိကြောင်း၊ မိမိတို့ မြန်မာလူငယ် ဂူရှူးအဖွဲ့သည် ယခုပြိုင်ပွဲတွင် အဆင့်(၆) ရရှိခဲ့ကြောင်း၊ ထို့အတွက် အဆင့်(၁)မှ (၆)အထိ ရရှိသော နိုင်ငံများအား ရွှေဖလားများချီးမြှင့်ရာ မိမိတို့လည်း ရွှေဖလားကြီး ရရှိခဲ့ကြောင်း၊ အရှေ့တောင်အာရှမှ မြန်မာနှင့် ဗီယက်နမ်တို့ နှစ်နိုင်ငံသာ ထိုဆုဖလားကို ရရှိခဲ့ကြောင်း၊ မိမိတို့သည် နောက်ဆုံးနေ့ နံနက်ပိုင်း ပွဲအပြီးထိ အဆင့်(၄)နေရာတွင်ရရှိခဲ့သော်လည်း ညနေပိုင်းပွဲများတွင် ရွှေတစ်ခုစီရထားသည့် ဂျပန်နှင့် ကိုရီးယားတို့က ရွှေနှစ်ခုစီ ထပ်မံရယူသွား၍ မိမိတို့ထက် အပေါ်ရောက်သွားကြောင်း၊ မိမိတို့သည် ထိုနေ့ ညနေပိုင်းပွဲများတွင် မိမိတို့ပွဲစဉ်များ ပြီးသွားပြီဖြစ်၍ ၎င်းတို့ကို လိုက်မမီတော့ကြောင်း၊ အိမ်ရှင်တရုတ်၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ကိုရီးယားနှင့် ဂျပန်တို့က အဆင့်(၁)မှ (၅)အထိ ရရှိခဲ့ကြောင်း။

ယခုပြိုင်ပွဲ ယှဉ်ပြိုင်ရန် တရုတ်ပြည်တွင် အကြိုလေ့ကျင့်မှုများ သုံးပတ်ကြာပြုလုပ်ခဲ့ကြောင်း၊ မိမိတို့ ကစားသမားများကို တရုတ်ပြည်မှ အကောင်းဆုံး ဂူရှူးနည်းပြများက တော်တော်ကောင်းသည်ဟု ချီးကျူးခဲ့ကြောင်း၊ ပြိုင်ပွဲမှာ အသက်(၁၂)နှစ် ပြည့်ရန် တစ်ပတ်လိုသေးသည့် ဝေဖြိုးအောင်သည် ပြိုင်ဘက်နိုင်ငံများ မျက်စိကျအောင် ထူးထူးခြားခြား အစွမ်းပြယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ပြိုင်ဘက်နိုင်ငံများက ဝေဖြိုးအောင်ကို ချီးကျူးထောမနာ ပြုခဲ့ကြသလို အမှတ်တရဓာတ်ပုံများတွဲရိုက်ခဲ့ကြောင်း၊ မိမိတို့ကလေးတွေအကုန်လုံး ကြိုးစားခဲ့၍ ယခုလို အောင်မြင်မှုရရှိခြင်း ဖြစ်ကြောင်း၊ ကျွန်တော်တို့က ရှစ်ဦးသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ခုနစ်ဦးက ဆုတံဆိပ်များရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအောင်ပွဲရ ကစားသမားများကို ဆက်လက် လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် နိုင်သည့် ကစားသမားလေးများ ဖြစ်အောင် ဆက်လက်ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ဝမ်းသာပီတိဖြစ်

ဆက်လက်၍ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုရရှိခဲ့သော မျိုးမင်းစိုးက နိုင်ငံအတွက် ယခုလို ဆုတံဆိပ်များ ရယူနိုင်သည့်အတွက် ဝမ်းသာပီတိ ဖြစ်ရပါကြောင်း၊ ပြိုင်ပွဲမှာအကောင်းဆုံး ဖြစ်အောင် ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဆုတံဆိပ်များရယူနိုင်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် ရွှေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရှင် သူရစိုးက "ပထမဦးဆုံး အကြိမ်သွားရောက်ယှဉ်ပြိုင်သည့်ပွဲမှာ ယခုလို အောင်မြင်မှုများ ရရှိခဲ့၍ ဝမ်းသာမျက်ရည်များပင်ကျခဲ့ရကြောင်း၊ ပြိုင်ပွဲမှာ ပြိုင်ဘက်များကိုအထင်မကြီးသလို အထင်မသေးဘဲ ယှဉ်ပြိုင်ခဲ့ကြောင်း၊ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်အောင် ဆက်လက်၍ ကြိုးစားသွားမည် ဖြစ်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

ငွေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိခဲ့သော ဝေဖြိုးအောင်က "ယခုလိုအာရှနိုင်ငံများကြားမှာ ဆုတံဆိပ်များရယူနိုင်ခဲ့၍ အတိုင်းမသိ ပျော်ရွှင်ခဲ့ရကြောင်း၊ ပြိုင်ဘက်နိုင်ငံများကလည်း ကောင်းပါကြောင်း၊ နောက်ပြိုင်ပွဲများမှာ ရွှေတံဆိပ်ရအောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ကြိုးစားသွားမည်

ငွေတံဆိပ်ဆုရှင် ဟန်နီကိုကိုက "ယခုလို အာရှ ဂူရှူးအင်အားကြီးနိုင်ငံများကြားမှာ ဆုတံဆိပ်ရယူနိုင်ခဲ့၍ ဝမ်းသာမိပါကြောင်း၊ ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်ခဲ့သော်လည်း ရွှေတံဆိပ်နှင့်လွဲကာ ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း၊ နောက်ပြိုင်ပွဲများမှာ အမြင့်ဆုံးသောအောင်မြင်မှုများ ရအောင် ကြိုးစားသွားမည် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍လည်း မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်သည် ဥက္ကဋ္ဌအပါအဝင် အမှုဆောင်များ၊ ကစားသမားများ၏ ကြိုးစားမှုတို့ကြောင့် ရွှေရောင်ကွန်ရက်ထဲတွင် ဆက်လက်ရပ်တည်နေမည်သာ ဖြစ်ပါတော့သည်။ ။

(ကြေးမုံ)

အကြောင်းကြားလွှာပါ ဘုရား

ရွှေကျင်နိကာယဝင် သံဃာတော်အရှင်မြတ်တို့ဘုရား–တပည့်တော်များ၏ ကျေးဇူးရှင်နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ တေရသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်၊ ၁၃–၁၀–၂၀၀၃ ည ၉နာရီ နှစ်မိနစ်တွင် တစ်ဘဝလွန်တော်မူခဲ့ရာ ၁၃၆၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်၊ ၂၀–၁၀–၂၀၀၃ (တနင်္လာနေ့)တွင် ညောင်ရွှေမြို့ အန္တိမအဂ္ဂိဈာပနကွင်း၌ သာခုကိဋ္ဌန အန္တိမအဂ္ဂိဈာပန ကျင်းပပူဇော်ကြမည်ဖြစ်ပါကြောင်း ရွှေကျင်နိကာယဝင် သံဃာတော်အားလုံးတို့အား အကြောင်းကြားပါသည်ဘုရား။

ရွှေကျင်နိကာယဗဟိုဌာန
မဟာဝိသုဒ္ဓါရုံတိုက်သစ် မန္တလေးမြို့။

ရွှေကျင် သာသနာပိုင်ဆရာတော်ကြီး သာခုကိဋ္ဌန အန္တိမဈာပနသဘင် အကြိုတရားပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

၁၃၆၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိမလာဘိဝံသ မဟာထေရ် ဆရာတော်ကြီး သာခုကိဋ္ဌန အန္တိမဈာပနသဘင် အကြိုတရားပွဲများကို ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၅ရက်ညတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ အင်းလျားရွာ အင်းလျားကျောင်း ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဓမ္မဝရက လည်းကောင်း၊ အောက်တိုဘာ ၁၆ရက်ညတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ကလည်းကောင်း၊ အောက်တိုဘာ ၁၇ရက်ညတွင် မန္တလေးမြို့ (၄၁)လမ်း စိန်ပန်းသံလျှက်မော် အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသြဒါဒ သိရိဘိဝံသ ကလည်းကောင်း၊ အောက်တိုဘာ ၁၈ရက် ညတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ပါဠိကာရီပရိယတ္တိစာသင်တိုက် ဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂိရသကလည်းကောင်း၊ အောက်တိုဘာ ၁၉ရက်ညတွင် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကလည်းကောင်း ည ၇နာရီမှစ၍ ညောင်ရွှေမြို့ ကန်ကြီးကျောင်းတိုက် အောင်မင်္ဂလာ ဓမ္မစကြာဓမ္မာရုံကြီး၌ တရားတော်များ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် ရေစက်ချပွဲ

ရန်ကုန် အောက်တိုဘာ ၁၆

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန တိပိဋကကျောင်းတော် အမှတ် (၁၂) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် အဌမအကြိမ်ရာသက်ပန် ဆွမ်းပဒေသာပင် (၁၀၀၀)ပြည့် ရေစက်ချပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်စာမရရှိသော်လည်း ၂၀၀၃ခု မတ်လ ၁၄မှ စက်တင်ဘာ ၁၀ရက်အထိ ဆွမ်းပဒေသာပင် အလှူရှင်များ ရေစက်ချပွဲအခမ်းအနားသို့ ကြွရောက်နိုင်ကြောင်းသိရသည်။ (က–ပ)

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း အစုရှယ်ယာများရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် MICTDC ၏ အလားအလာ ညွှန်းတမ်းထုတ်ပြန်ခြင်းနှင့် အများပြည်သူသို့ အစုရှယ်ယာများ စတင်ရောင်းချခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) ၌ ကျင်းပရာ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုး တိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသည့် ပြည်သူများ တက်ရောက်ကြသည်။

စတင်ရောင်းချ

MICTDCမှ ပထမဦးဆုံးအကြိမ်အဖြစ် အစုရှယ်ယာ အရေအတွက် ၅၀၀၀၀၀ ကို အများပြည်သူသို့ တစ်စုလျှင်ငွေကျပ် ၁၀၀၀နှုန်းဖြင့် ယမန်နေ့မှစ၍ စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၆

ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်) ၏ ခုနစ်ကြိမ်မြောက် ဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို အေးဓမ္မာရုံ (ကျောက်မြောင်းဈေးသစ် အနောက်ဘက်) ၁၅၁ လမ်း တာမွေမြို့နယ်တွင် နိုဝင်ဘာ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီ၌ ကျင်းပမည်ဖြစ်သည်။

သင်္ကန်း၊ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးအေးလွင် ဖုန်း–၅၄၉၆၉၁၊ ဦးကျော်ဝင်း ဖုန်း–၂၄၅၄၃၁၊ ၂၄၅၄၃၂၊ ဦးစိုးတင့် ဖုန်း–၅၄၆၁၀၀ နှင့် ၅၅၆၅၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။

(က–ပ)

Oct-17 Oct-24 Oct-23 Oct-15 Oct-23 Oct-31 Nov-5

510491

FUJIMOTO ဟောင်ဝင်း

Digital

Master Cyber Network Game

☎-241094

MCC

(၃)လ

30% OFF

ICT

၂၉၃၂၉၄ , ၇၀၀၁၃၃

Sale Promoter

☎ - 293294 , 700133

အမြန်အလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

First Top (Group)Ltd.လက်အောက်ရှိ ရန်ကုန်ရုံးချုပ် TOPဆပ်ပြာမှုန့် ထုတ်လုပ်ဖြန့်ဖြူးရေးတွင် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသဖြင့် လျှောက်ထားနိုင်ပါသည်။

၁။ Assistant Marketing Manager ကျား (၂) ဦး

– တက္ကသိုလ်ဘွဲ့ရ၊ အသက်(၃၀)နှစ်အထက်၊ ဈေးကွက်ရှာဖွေထူထောင်ခြင်းနှင့်ပတ်သက်သော ဒီပလိုမာ (သို့) သင်တန်းဆင်းလက်မှတ်တင်ပြနိုင်ပြီး လူသုံးကုန်ပစ္စည်းရောင်းဝယ်စီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံ(၃)နှစ်ရှိ၍ နယ်ခရီး ထွက်နိုင်သူဖြစ်ရမည်။

၂။ Assistant Marketing Supervisor ကျား (၄) ဦး

– တက္ကသိုလ်ဘွဲ့ရ၊ အသက်(၃၀)နှစ်အထက်၊ ဈေးကွက်ရှာဖွေထူထောင်ခြင်းနှင့်ပတ်သက်သော ဒီပလိုမာ (သို့) သင်တန်းဆင်းလက်မှတ်တင်ပြနိုင်၍ လုပ်သက်အနည်းဆုံး (၂)နှစ်ခန့်ရှိသူ ဦးစားပေးမည်။

အထက်ပါ အမှတ်စဉ် (၁)နှင့် (၂)နေရာအတွက် အရည်အချင်းရှိမှုပေါ်မူတည်၍ လစာကောင်းပေးမည်။

၃။ Assistant Sale Manager ကျား (၁) ဦး

– မန္တလေးတွင် တာဝန်ထမ်းဆောင်နိုင်သူ၊ ဘွဲ့ရ၊ လူသုံးကုန်ပစ္စည်းနှင့်ပတ်သက်၍ အထက်မြန်မာပြည် နယ်မြေကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၄။ ဒု–လက်ထောက်မော်တော်ယာဉ်မှူး(စက်ပြင်) ကျား (၂) ဦး

– မော်တော်ယာဉ်နှင့်ပတ်သက်၍ လက်တွေ့နားလည်တတ်ကျွမ်း ပြုပြင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်အထက်ရှိသူ ဦးစားပေးမည်။

၅။ ရုံးဝန်ထမ်း မ (၂) ဦး

– (၁၀)တန်းအောင်မြင်ပြီး အိမ်ထောင်မရှိသူ ကွန်ပျူတာတတ်ကျွမ်း နားလည်သူ ဦးစားပေးမည်။

လျှောက်ထားသူသည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း အောက်ပါလိပ်စာတွင် ပုံစံဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

First Top (Group) Ltd.
အမှတ်(၄၇/၄၈)၊ ဗဟိုစည်အိမ်ရာဝင်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ပရီမီယာကော်ဖီနှင့် တိုမိုခေါက်ဆွဲဖြန့်ဖြူးခြင်းအတွက် လျှောက်လွှာခေါ်ယူခြင်း

(ကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

၁။ စိမ်းလဲ့မြေ စားသောက်ကုန်လုပ်ငန်းလီမိတက်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာများ လိုအပ်လျက်ရှိပါ၍ လျှောက်လွှာခေါ်ယူပါသည်။

၁။ Merchandiser / Sales Man / Promoter ကျား (၁၅)ဦး၊ မ (၁၀)ဦး

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူများသည် မန္တလေး၊ မြစ်ကြီးနား၊ မိုးကုတ်၊ လားရှိုး၊ တောင်ကြီး၊ ဘားအံ၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ဟင်္သာတ၊ ပုသိမ်၊ မကွေး၊ ပြည်၊ မိတ္ထီလာ၊ စစ်တွေ စသည့်မြို့များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ လျှောက်ထားလိုသော ပုဂ္ဂိုလ်များသည် အသက် ၂၀မှ ၃၅နှစ် အတွင်းဖြစ်ရမည်။ အနိမ့်ဆုံးပညာအရည်အချင်း ၁၀တန်းအောင်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ ကျန်းမာသန်စွမ်း၍ ခရီးသွားလာနိုင်သူဖြစ်ရမည်။ ဒေသခံများကို ဦးစားပေးမည်။

၂။ Supervisor (Sales) ကျား (၃) ဦး

၃။ Asst. Supervisor (Marketing) မ (၃) ဦး

အမှတ်စဉ်(၂)နှင့် (၃)အတွက် လျှောက်ထားသူများသည် အသက်၂၀မှ ၃၀နှစ် အတွင်းရှိသူဖြစ်ရမည်။ အနိမ့်ဆုံးပညာအရည်အချင်း ၁၀တန်းအောင်ရမည်။ (ဘွဲ့ရပြီးသူကို ဦးစားပေးမည်။) ရုပ်ရည်အသင့်အတင့်ရှိရမည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ ရှိရမည်။ ကျန်းမာသန်စွမ်း၍ ခရီးသွားလာနိုင်သူဖြစ်ရမည်။

၂။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်နေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ၊ ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူများနှင့်အတူ အမှတ်စဉ်(၁)အတွက် မိမိတို့မြို့ရှိ Premier Coffee အရောင်းကိုယ်စားလှယ်များမှလည်းကောင်း၊ ရာထူးအားလုံးအတွက် စိမ်းလဲ့မြေစားသောက်ကုန်လုပ်ငန်းလီမိတက် အမှတ်(၁၀၈)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်မြို့၊ ဖုန်း(၀၁–၆၈၅၁၃၉၊ ၀၁–၆၈၄၈၄၆၊ ၀၁–၇၀၉၄၉၃)သို့လည်းကောင်း ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လျှောက်ထားနိုင်ကြပါသည်။ **Green Land Food Industries Ltd.**

အလုပ်သစ်ခေါ်ယူသည်

Sale Promoter

(၂၈-၂) သိမ်ဖြူလမ်း ရန်ကုန်မြို့

NPE

စာစပေပြိတ်နှိုးသူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်

- မော်ကွန်းသစ်များ၊ ခေတ်ပေါ်ဝတ္ထုများ ပြည်မြန်မာနှင့်အခြားဆောင်းပါးများ
- မြန်မာဦးစွန်း-မြန်မာမော်ကွန်း
- သမိုင်းတွင် သမိုင်းတင်မည့် ချစ်ကြည်ရေးမိုးမှတ်တမ်းများ(မြန်မာ-အင်္ဂလိပ်)
- (မြန်မာ-အင်္ဂလိပ်)
- တပ်မတော်သမိုင်း
- ဓာတ်တော်ကြီး ၁၀ ဘွဲ့ (မြန်မာ-အင်္ဂလိပ်)
- (မြန်မာ-အင်္ဂလိပ်)
- (မြန်မာ-အင်္ဂလိပ်)
- (မြန်မာ-အင်္ဂလိပ်)
- (မြန်မာ-အင်္ဂလိပ်)
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ထုတ်ဝေစဉ်
- ၁၀၀၀ ကျော်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၈-၂) သိမ်ဖြူလမ်း ရန်ကုန်မြို့
☎ ၂၉၄၄၀၆

INTEGRA Systems iLedger @ ICT Show

25% OCTOBER DISCOUNT

Ph: 703625, 703839, 557638



အများသိစေရန် ကြေညာချက်

[illegible]	[illegible]	[illegible]	[illegible]	[illegible]

သီရိ ချောင်းသာ

ပင်လယ်ကမ်းခြေအပန်းဖြေ

Up to 50% Discount

SUNTAC Education

Enroll There!

- Oracle 9i Courses
- MCSE/MCSA Courses
- AutoCAD Courses
- JAVA Programming Courses

(၁၇/၁၀/၀၃)

C41 - C42

Room-5, Bldg-5, MICT Park, Hlaing Tsp, Yangon. Tel : 652245, 652246

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၈၄)၊ သိမ်ကြီးလမ်းနေ ဒေါ်ခင်ဆွေစိုး (ခ) ဒေါ်နုနုယဉ်[၁၂/လမန(နိုင်)၀၁၇၃၅၃]နှင့် ကျွန်တော် ဦးသိန်းလွင်[MTLA–၀၁၇၂၂၂]တို့သည် ၁၀–၁၀–၂၀၀၂ ရက်နေ့တွင် ကမာရွတ်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ဒေါ်ခင်ဆွေစိုး၏ ကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်ပါ။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းမှန်သမျှ ကျွန်တော်နှင့် လုံးဝမသက်ဆိုင်ပါ။

ဦးသိန်းလွင်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၆:၃၀ နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

(၁)နှစ်ပြည့်လက်ထပ်မင်္ဂလာ
အာဟာရဒါနနှင့်ငွေပဒေသာပင်လှူဒါန်းခြင်း

မောင်မျိုးဇော်ဝင်း[၁၂/အလန(နိုင်)၀၁၈၅၅၂]နှင့် **မသန္တာဦး**[၁၂/အလန(နိုင်)၀၁၇၀၆၉]တို့သည် ၁၆–၁၀–၂၀၀၃ရက်နေ့တွင် ရန်ကုန်မြို့ နင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နှစ်ပြည့်လက်ထပ်မင်္ဂလာ အာဟာရဒါန တစ်နေ့စာနှင့် ငွေပဒေသာပင် ကျပ်လေးသောင်းတိတိကို လှူဒါန်းပြီးစီးပါကြောင်း။

မောင်မျိုးဇော်ဝင်း
မသန္တာဦး။

မေ၊ မေတို့အတွက် ငွေရတု

၁၇–၁၀–၂၀၀၃နေ့တွင် ကျရောက်သည့် ဖေ **ဦးမင်းဘဉာဏ်** မေ **ဒေါ်ခင်သန်းဝင်း** တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ပျော်ရွှင်ချမ်းမြေ့စရာ ရွှေရတု၊ စိန်ရတုတိုင် ဆနွှတုညီစွာ ပြခဲ၊ ပြခဲ၊ ပြမည် ကုသိုလ်ဒါန၊ သာသနာ့ပြုလုပ်ငန်းများ သယ်ပိုးဆောင်ရွက်ရင်း နောင်သံသရာ ဘ၀များအတွက် ထူးမြတ်သော ကောင်းကျိုးချမ်းသာ၊ နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်သော အထောက်အပံ့များကို ယခုဘဝမှာပင် ရယူပိုင်ဆိုင်သွားနိုင်ကြပါစေ။

တစ်ဦးတည်းသောချစ်သမီး– နွေးနန္ဒာဉာဏ်။

ပုသိမ်မြို့ အလက(၁)မြို့မကျောင်းသူ ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အစည်းအဝေးဖိတ်ကြားလွှာ

မြို့မကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအတွက် ပထမအကြိမ်အစည်းအဝေးပွဲကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် (ပျက်မကွက်)တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေရာ	– မြို့မကျောင်း၊ အလက(၁) ပုသိမ်မြို့။ (အားကစားခန်းမ)
နေ့ရက်	– ၂–၁၁–၂၀၀၃(တနင်္ဂနွေနေ့) တန်ဆောင်မုန်းလဆန်း(၉)ရက်
အချိန်	– မွန်းတည့် (၁၂)နာရီ

(၂၅) နှစ်ပြည့် သိတ်ချောက်ခမ်း
[illegible]
Golden Hope Int'l Ltd.
☎-202377, 703220

အမည်ပြောင်းခြင်း

အဘဦး[illegible]၏သားမောင်တင်လှင် နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/သကတ (နိုင်)၀၀၄၁၅၁]ကိုင်ဆောင်သူအား ယနေ့မှစ၍ မောင်အေးကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အေးကျော်။

WWW Media ထမ်ဦးဆည်းရဲ့ ဆင်အားနက် ACCESS

@mail4U
Only at WWW Media Co., Ltd.
165, 35th Street, Kyauktada. Tel: 20 40 20
Authorized Reseller of BaganCybertech

OK Electronics
ဟောမာန်ဦး အထူးဈေးရောင်းပွဲတော်
[illegible]

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **အတွင်းရေးမှူးရာထူး**
အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူ မ(၁)ဦး
တရုတ်ဘာသာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူ မ(၁)ဦး
ထိုင်းဘာသာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူ မ(၁)ဦး
အသက်(၂၅)နှစ်အောက် ရုပ်ရည်သန့်ပြန့်ရမည်။
(ထိုက်တန်သောလစာပေးမည်)

၂။ **အရောင်းတာဝန်ခံ (ဘွဲ့ရ)**
အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူ မ(၄)ဦး
ခရီးသွားလုပ်ငန်း၊ အရောင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ ဆက်သွယ်လုပ်ကိုင်နိုင်သူဦးစားပေးမည်။
အသက်(၃၀)နှစ်အောက်ဖြစ်ရမည်။
(ထိုက်တန်သောလစာပေးမည်)

၃။ **ယာဉ်မောင်း** ကျား(၁)ဦး
အင်္ဂလိပ်စကားပြောဆိုနိုင်ရမည်။

အထက်ပါရာထူးများအတွက် အောင်လက်မှတ်အထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာမူရင်း၊ သန့်ခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်ပုံစံတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

အိုလံပစ်ကုမ္ပဏီလီမိတက်
အိုလံပစ်တာဝါ(၂)ဒုတိယထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ရန်ကုန်မြို့။

ကျွမ်းကျင်လုပ်သားအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။High Pressure Piping Welding လုပ်ငန်းများအတွက် Argon Welding ကျွမ်းကျင်သူ **ကျား(၃၀)ဦး**

လျှောက်ထားသူများသည် ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကိုယ်ရေးရာဇဝင်အကျဉ်း၊ သက်ဆိုင်ရာ အထောက်အထားမိတ္တူများ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

အမှတ်(၃၀)၊ ရွှေဂုံတောက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၀၀၉၈၀၊ ၅၀၀၉၈၁၊ ၅၀၀၉၈၂၊ ၅၀၀၉၈၃၊ ၅၀၀၉၈၄၊ ၅၀၀၉၈၅၊

မင်းကွန်းဆောင်ရှိ၊ မိုးမိတ်ကုန်စည်
မင်းကွန်း ထိပိဋကဓရ ဝွမ်းစေတီ ရွှေသင်္ကန်းဆက်ကပ် လှူဒါန်း ပူဇော်နိုင်ပါသည်

[illegible]

[illegible]

စစ်ကိုင်း–ဝါးချက်–မင်းကွန်း ကာသလမ်း ကတ္တရာလမ်းခင်းရန် အလှူရှင်များ နိုးဆော်လွှာ

[illegible]

(၁)	ကတ္တရာတစ်ပေပါလှူပ်	ကျပ်	၁၀၀၀၀
(၂)	ကျောက်ကြီးတစ်ကျင်းလှူပ်	ကျပ်	၅၀၀၀
(၃)	ကျောက်လတ်တစ်ကျင်းလှူပ်	ကျပ်	၃၀၀၀
(၄)	ကျောက်သေးတစ်ကျင်းလှူပ်	ကျပ်	၃၀၀၀

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်အေးအေး	၁၂/အလန (နိုင်) ၀၀၇၄၄၇	(၁၄)၊ (၁တိုးချဲ့) ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	UE - 1	၁၄	ဦးကျော်အေး	ဂရန်သစ်
၂။	ဦးမောင်မောင်သွင်	၁၂/ရကန (နိုင်) ၀၂၅၅၂၇	(၂၈၉)၊ ဝန့်ဝေါ်ရိပ်သာလမ်း၊ သဃ်န်းကျွန်း	သဃ်န်းကျွန်း	၁၆/၃	၂၈၉	ဦးကျော်ကျော်	အမည်ပြောင်း
၃။	ဦးစိုးဝင်း	၁၂/အစန (နိုင်) ၁၄၆၂၂၂	၁၉၆/ကၢတုသိတာလမ်း(က)ရပ်ကွက်၊မ/ဥက္ကလာပ	မ/ဥက္ကလာပ	က	၁၉၆/က	ဦးလှကြည်	ဂရန်ခွဲ
၄။	ဒေါ်သောင်း	၁၂/အဝန (နိုင်) ၀၁၅၆၅၃	(၂၂/ခ)၊ အောင်ရတနာလမ်း၊ ကြို့ပွားရေးတောင်	သဃ်န်းကျွန်း	ကြို့ပွားရေး	၂၂/ခ	ဦးစံအောင်	ဂရန်သစ်
၅။	ဒေါ်စန်းစန်းအေး	၁၂/စခန (နိုင်) ၀၅၁၀၀၇	(၇)၊ ရှင်ဇောပုဘုရားလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၅D	၆၄/၁	ဒေါ်မှုနိုင်	အမည်ပြောင်း
၆။	ဒေါ်ရိုးတီ	AB – ၀၅၁၃၀၈	၁၆၊ ပန်းပင်ကြီးလမ်း	ကြည့်မြင်တိုင်	၂၆ BB [2]	V - ၅	ဦးစိုးမြင့်+၁	မြေပုံကူး
၇။	ဦးတင်အောင်	MHA - ၀၁၈၀၁၆	(၆၆၂)၊ ၃၇ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၇	၆၆၂	ဦးစိန်ဘဘာ	ဂရန်သစ်
၈။	ဗိုလ်ကြီးအောင်ဆန်းမြိုင်	၁၂/မဂဒ (နိုင်) ၀၁၅၉၉၉	ဓရီးသည်တင်ယာဉ်ရပ်နားစခန်း၊ ၁၆ရပ်ကွက်၊ကမာရွတ်	ဒဂုံမြောက်	၄၇	၃၉၄ A	ဗိုလ်ကြီးအောင်ဆန်းမြိုင်	ဂရန်သစ်
၉။	ဒေါ်အုန်းမြ	၁၂/မရက (နိုင်) ၀၉၄၄၈၃	(၃၃၁)၊ ၃၇–ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၇	၃၃၁	ဦးသောင်း	ဂရန်သစ်
၁၀။	ဒေါ်ယဉ်မာ	၉/မနမ (နိုင်) ၀၂၅၂၅၂	(၆၆၂)၊ ကျွန်းချောင်လမ်း၊၃၄–ရပ်ကွက်၊ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၆၆၂	ဦးထွန်းကြိုင်	အမည်ပြောင်း
၁၁။	ဒေါ်လှလှဝင်း	၁၂/ဥကတ (နိုင်) ၁၃၁၀၃၉	(၁၃၁၇/A)၊ ၃၇–ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၇	၁၃၁၇–A	ဦးမောင်ရင်	ဂရန်သစ်
၁၂။	ဦးမြင့်သိန်း	၁၂/တတန (နိုင်) ၀၈၄၉၆၂	(၂၂)၊ ဦးထွန်းလမ်း၊ အရှိကုန်း၊ တာမွေ	ဒဂုံမြောက်	၃၄	၉၅၂	ဦးမောင်မောင်	မြေပုံကူး
၁၃။	ဒေါ်နုယဉ်	၁၂/တမန (နိုင်) ၀၆၅၈၅၆	၁၃၃၆၊ (၄၂) ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၂	၁၃၃၆	ဒေါ်အုန်းတင်	မြေပုံကူး
၁၄။	ဒေါ်ခင်လှ + ၁	၁၂/ရကန (နိုင်) ၀၃၀၉၃၈	(၂၂)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ	တာမွေ	၄–A (၉၁)	၄၉	ဒေါ်အုန်းတင် + ၄	မြေပုံကူး
၁၅။	ဦးဇေယျာနိုင်	၁၂/သဃက(နိုင်)၀၂၈၇၈	(၇၁၆/ခ)၊ဇေတဝီကလမ်း၊၁၆/၄ရပ်ကွက်	သဃ်န်းကျွန်း	၁၆/၄	၁၇၁၆/ခ	ဦးအောင်နိုင်	မြေပုံကူး
၁၆။	ဒေါ်ခင်မာ	၁၂/ဥကမ (နိုင်) ၀၇၆၃၁၁	(၂၀၃)၊ ယုဇန (၁)လမ်း၊ (၂)ရပ်ကွက်၊ မ/ဥက္ကလာ	ဒဂုံမြောက်	၄၄	၇၀၂	ဦးတင်အောင်	မြေပုံကူး
